# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
## (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၂၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၈.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၃-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ၏ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော်ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၂၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်နှင့်

(၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်တို့ ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၈ ဦးတို့

ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြား မှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး ယနေ့ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး ယနေ့ ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း အသိပေးတင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော် (State Duma)ဥက္ကဋ္ဌ H.E. Mr. Sergei E.Naryshkin က ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nguyen Sinh Hung ထံမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ကလည်းကောင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့လာမှုကို မှတ်တမ်းထားရှိမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်၏ ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို(El Nino)အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမောင်သင်း တင်သွင်းသွားတဲ့အရေးကြီးအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၂)နှင့် နည်းဥပဒေခွဲ(ဂ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်

ကိုယ်စားလှယ် ၂၂ ဦးရှိပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တစ်ဦးလျှင် ဆွေးနွေးခွင့် (၆)မိနစ်ပေး မှာဖြစ်ပါတယ်။ (၆)မိနစ်အတွင်းမှာ ပြည့်စုံအောင် ဆွေးနွေးပေးစေလိုပါတယ်။ ပထမဦးစွာ မော်လိုက် မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မိတ္ထီလာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့အဆိုကို တစ်စိတ်တစ်ဒေသ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများရှင်။ ဘေး အန္တရာယ်ဆိုသည်မှာ လူတို့ရဲ့အသက်အိုးအိမ်စည်းစိမ်နှင့် စိတ်ပိုင်းဆိုင်ရာများကို ထိခိုက်ပျက်စီးဆုံးရှုံး စေသော အကြောင်းတရားများဖြစ်ပါတယ်။ ဒီနေရာမှာ သဘာဝအလျောက်ဖြစ်ပေါ်သော ဘေး အန္တရာယ်(Natural Disaster)နှင့် လူတို့၏ပြုမူမှုကြောင့်ဖြစ်ပေါ်သော(Man Made Disaster) ဟူ၍ နှစ်မျိုးရှိပါတယ်။ မမျှော်လင့်ဘဲဖြစ်ပေါ်တတ်သော လျှင်လှုပ်ခြင်း၊ မိုးကြီးခြင်း၊ မြစ်ရေကြီးခြင်း၊ အပူရှိန်လွန်ကဲမှုကြောင့် တောမီးလောင်ခြင်း၊ သောက်သုံးရေခမ်းခြောက်ခြင်းစတဲ့ သဘာဝဘေး အန္တရာယ်များကိုတော့ တားဆီး၍ရနိုင်မှာမဟုတ်ပါဘူးရှင်။ သို့သော် လူတို့ရဲ့ပယောဂကြောင့်ဖြစ်ပေါ် တတ်သော ရိုမီးများ၊ ပေါ့ဆမီးများ၊ ဝါယာရှော့မီးများ၊ ဗုံးပေါက်ခွဲမှုများ၊ စစ်ဘေးများ၊ တာတမံကျိုး ပေါက်မှုများစသည်ဖြင့် Man Made Disaster များကိုတော့ လူတို့ရဲ့ သတိ၊ ဝီရိယ၊ ဆင်ခြင်တုံတရား၊ မေတ္တာတရား စုပေါင်းအားဖြင့် တားဆီးကာကွယ်နိုင်မှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များရှင်။ Natural Disaster နှင့် Man Made Disaster များဟာ အခါအားလျော်စွာ ကြောင်းကျိုးဆက်စပ်နေပါတယ်။ မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် သစ်အလွန်အကျွံခုတ်ယူခြင်းကြောင့် သစ်တောများ ဆိုးဝါးစွာပြုန်းတီးလျက်ရှိခြင်း၊ မြေအောက်သယံဇာတများအား အလွန်အကျွံတူးဖော်နေခြင်းကြောင့် တောတောင်ရေမြေသဘာဝ အနေအထားများ ပျက်စီးဆုံးရှုံးရခြင်းများဖြစ်ပေါ်နေပါတယ်။ ၎င်းဆုံးရှုံးမှုများဟာ မိုးကြီးခြင်း၊ မြစ်ရေ ကြီးခြင်းဟူသော သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာတဲ့အခါမှာ ကာကွယ်တားဆီးမှုမပြုနိုင်ဘဲ အန္တရာယ်ကိုပိုမိုကြီးထွားစေပါတယ်။ ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြိုခြင်း၊ မြစ်ရေ ကြီးခြင်း၊ မြို့/ရွာများပျက်စီးခြင်း၊ လမ်း/တံတားများပျက်စီးခြင်း၊ မြေယာများ/လယ်ယာမြေများ ရွှံ့နွံ ဖုံးလွှမ်းပျက်စီးခြင်းနှင့် လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များသေကျေခြင်း စသည့်အတိဒုက္ခများက သက်သေ

သာဓကပြုနေပါတယ်ရှင်။ တောတောင်ရေမြေသဘာဝပတ်ဝန်းကျင်ဟာ သဘာဝဘေးအန္တရာယ်ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်စောင့်ရှောက်ပါတယ်။ ဥတုရာသီတောကိုမှီဆိုတဲ့ဆိုရိုးစကားရဲ့ အနက်အဓိပ္ပာယ်ဟာ အင်မတန်မှတန်ဖိုးရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မိုးလေဝသနှင့်ဇလဗေဒပညာရှင်များ၏ တွက်ချက်မှုများအရ မကြာတော့တဲ့ ကာလမှာ မြန်မာနိုင်ငံဟာ အယ်လ်နီညိုအပူလှိုင်းရဲ့ဒဏ်ကို ခံကြရတော့မှာဖြစ်ပါတယ်။ အပူဒဏ်ကို ကာကွယ်နိုင်ရန်အလို့ငှာ ပြည်သူပြည်သားများဟာလည်း လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာကြမှာဖြစ်ပါတယ်ရှင်။ ထိုအခါ ဝါယာရှော့ကြောင့် မီးလောင်ကျွမ်းမှုများမဖြစ်စေရန် လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်၍ ပြည်သူများအား အသိပညာပေးခြင်း၊ သတိပေးနှိုးဆော်မှုများ ပြုလုပ်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ယခုအခါ မြစ်ကြောင်းများဟာ တိမ်ကောနေတဲ့အတွက်ကြောင့် ရေလမ်းခရီးကို အသုံးပြုနေသောပြည်သူများအနေဖြင့် ကုန်းလမ်းခရီးကိုသာ အားထားရပါတယ်။ ပူပြင်းခြောက်သွေ့သော ရာသီတွင် တောင်တက်တောင်ဆင်း၌ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များအနေဖြင့် ဘရိတ် ပေါက်ခြင်းများဖြစ်ကာ တိမ်းမှောက်မှုများဖြစ်ပေါ်တတ်ပါတယ်။ သို့ဖြစ်ပါ၍ ကုန်းလမ်းသယ်ယူပို့ ဆောင်ရေးဌာနအနေဖြင့် ယာဉ်များအား ခိုင်ခံ့မှုစစ်ဆေးခြင်း၊ သတိပေးခြင်းများပြုလုပ်သင့်ပါတယ်။ လမ်းတံတားဆောက်လုပ်ရေးဌာနများမှလည်း လမ်းများကောင်းမွန်ခိုင်ခံ့ရေး အမြန်ဆုံးဆောင်ရွက်ပေး ရန်တင်ပြဆွေးနွေးလိုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ယခုအခါ တက္ကသိုလ်ဝင်တန်းစာမေးပွဲများဖြေဆိုရန် အချိန်နီးကပ်လာပြီဖြစ်သောကြောင့် စာသင်ကျောင်းများနှင့်ရပ်ကွက်များအား ၂၄ နာရီမီးကင်းလှည့်၍ ကာကွယ်စောင့်ရှောက်ရန် မီးသတ်ဦးစီးဌာနအား တိုက်တွန်းဆွေးနွေးလိုပါတယ်ရှင်။ အရေးကြုံလာ ပါက သတင်းအချက်အလက်များကို တိကျမှန်ကန်စွာ အမြန်ဆုံးရရှိနိုင်ရန်အတွက် တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများကိုလည်း တိုးချဲ့ထားရန်လိုအပ်ပါတယ်။ မည်သည့်ဘေးအန္တရာယ်ဖြစ်စေ ကျရောက်လာပါက စနစ်တကျနှင့် ထိထိရောက်ရောက်ကာကွယ်စောင့်ရှောက်နိုင်ရေး တာဝန်ရှိသူများ မှ ပွင့်ပွင့်လင်းလင်းကျယ်ကျယ်ပြန့်ပြန့် ပြည်သူသို့တင်ပြ၍ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားရန် အရေးကြီးပါတယ်ရှင်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မအနေဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်ကို မည်သည့်ဘေးအန္တရာယ်

ကြောင့်မှ မပျက်စီး၊ မဆုံးရှုံးစေလိုသော စိတ်ရင်းအမှန်ဖြင့်သာ ထောက်ခံဆွေးနွေးခြင်းဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အစည်းအဝေးတက်ရောက်လာသော ဧည့်သည်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ (၂၂-၂-၂၀၁၆) ရက်က မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ဖြည့်စွက်အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က ဒီနှစ်ဟာ အယ်လ်နီညို (El Nino) အကျိုးသက်ရောက်မှုကြောင့် ငလျင်ဘေး၊ ရေကြီးခြင်း၊ မီးလောင်ခြင်း၊ အပူလွန်ကဲခြင်းကြောင့် ဖြစ်နိုင်တဲ့ကျန်းမာရေးအန္တရာယ်ကျရောက်နိုင်ခြင်းတို့ကို သတိပေးတင်ပြသွားပါတယ်။ ကျွန်မအနေနဲ့ ထပ်ဆင့်တင်ပြချင်တာကတော့ အယ်လ်နီညို (El Nino) အကျိုးသက်ရောက်မှု မရှိခဲ့သည့်တိုင် နိုင်ငံအတွင်းသစ်တောပြုန်းတီးစေခဲ့တဲ့ အလွန်အကျွံသစ်ခုတ်လှဲခြင်းအပါအဝင် သဘာဝသယံဇာတတို့ကို အတိုင်းအဆအလွန်ခုတ်လှဲထုတ်ယူမှုများကြောင့် အခြေခံကပင်အားနည်းမှုများရှိခဲ့ရာ တစ်ပူပေါ်နှစ်ပူဆင့် ဂေဟစနစ်ယိုယွင်းမှုအပေါ်မှာ အယ်လ်နီညို(El Nino) ဖြစ်စဉ်ထပ်ဆင့်ပြီး အဆိုရှင်ကဲ့သို့ စိုးရိမ်ဖွယ်တွေကို သတိပြုမိတဲ့အတွက် အခုလိုထောက်ခံဆွေးနွေးခြင်းလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဖြစ်ပွားခဲ့တဲ့ တာလေငလျင်၊ မြေပြိုကျမှု၊ သပိတ်ကျင်းငလျင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၁)ခုမှာ အနှံ့အပြားမှာဖြစ်ပေါ်ခဲ့တဲ့ ရေကြီးခြင်းဖြစ်စဉ်များ အခုနှစ်မကြာသေးခင်က ရန်ကုန်မြို့ မင်္ဂလာဈေးမီးလောင်မှုနှင့် နမ့်ဆန်မြို့မီးဘေး၊ လပ္ပတ္တာမြို့မီးဘေးအပါအဝင် မြန်မာပြည်အနှံ့အပြား မီးလောင်မှုသတင်းများ ကြားသိနေရပါတယ်။ ဒါ့အပြင် အပူလှိုင်းနဲ့ ပတ်သက်လို့ ခရမ်းလွန်ရောင်ခြည်ဟာ ညွှန်းကိန်း(၁၁)ကျော်လာပြီး (၁၁.၇)အထိရောက်ပြီး ပူသည်သာမက လောင်သည့်အဆင့်သို့ပင် ရောက်ရှိနေကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်ကလည်း သတိပေးပြောကြားနေသည်ကို ကြားသိရပါတယ်။ ဇန်နဝါရီလမှစ၍ ရေရှားမှုဟာလည်း ပုံမှန်ထက်စောပြီးဖြစ်နေတယ်။ ရှမ်းပြည်နယ် ကလော၊ ဧရာဝတီတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး ကျေးရွာ ၂၆၀ ခန့် ရေရှားနေ ကြောင်း အသိပေးပြောဆိုတာကြားသိရပါတယ်။ ဒီလိုသဘာဝဘေးအန္တရာယ်များ တစ်ခုမဟုတ် တစ်ခုသင့်နေလျှင် ပြည်သူများရဲ့ဒုက္ခများကို တာဝန်ရှိ

သူအစိုးရက စနစ်တကျကူညီပေးမှသာ ပြည်သူများ၏ဒုက္ခများကို သက်သာရာရစေနိုင်မှာဖြစ်ပါတယ်။ အယ်လ်နီညိုဖြစ်စဉ်ဟာ တစ်ကမ္ဘာလုံး သက်ရောက်တာမှန်သော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံက အပူဆုံးဖြစ်နေရပါတယ်။ ဘာကြောင့်ပါလဲ။ ဥတုရာသီ တောကိုမှီဆိုတဲ့ ဆိုစကားရှိပါတယ်။ သစ်တောပြုန်းတီး၍ လွင်တီးခေါင်မြေသားများ များလာလျှင် မိုးလေဝသဖောက်ပြန်တယ်လို့ဆိုပါတယ်။ မြေဆီလွှာ တိုက်စားခြင်းကြောင့် မြေပြိုပြီး မြစ်ကြမ်းပြင်မြင့်တက်လာပြီး ကျွန်းများအနှံ့အပြားဖြစ်နေတာကို ကျွန်မတို့ဒေသမှာ ကိုယ်တိုင်တွေ့နေရပါတယ်။ မိုးဦးနောက်ကျပြီး မိုးရွာရက်နည်းမည်ဆိုသော်လည်း မိုးရေချိန်ပြည့်မီအောင် ရွာမည်ဆိုသောကြောင့် ရွာမည့်မိုးများသည် မိုးကြီးများရွာနိုင်ပါတယ်။ မြစ်ရေ မြင့်တက်လာပြီး လူနေရပ်ရွာ မြို့ပေါ်များအထိရေမြုပ်ခြင်း၊ ရေကြီးခြင်း၊ ရေဘေးအန္တရာယ်များ ကြုံကြရဖွယ်ရှိနေပါတယ်။ ဒီလိုအန္တရာယ်များဖြစ်ပေါ်လာမယ့်အရေးကို လွယ်ကူစွာမှန်းဆနိုင်တဲ့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်၊ ရေတိုအားဖြင့် ဆက်နွယ်သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်စေခြင်း၊ လူမှုအဖွဲ့အစည်းများ၏ အကူအညီကို ရယူနိုင်အောင် စီမံဆောင်ရွက်ခြင်း၊ ပြည်သူများ၏ ဘေးအန္တရာယ်ကျရောက်မှုမှ ရှောင်လွှဲနိုင်ရန် အသိပညာပေးခြင်း စသည့် အစီအမံတွေကို ကြိုတင်ပြင်ဆင်စီမံချက်ချမှတ်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဆုံးရှုံးမှုများဖြစ်ပြီးနောက်မှာ ပြန်လည်ကုစားကြမည်မျိုးကို ရှောင်လွှဲရန်လည်း မဖြစ်မနေဆောင်ရွက် ရမှာဖြစ်ပါတယ်။ သောက်သုံးရေသန့်ရှားပါးပြတ်လပ်ခြင်းကို ကာကွယ်စုစည်းနိုင်ဖို့၊ ဖြည့်ဆည်းထားနိုင်ဖို့၊ ရေအရင်းအမြစ်များ ရှာထားနိုင်ဖို့အပူရှပ်ခြင်း (Heat Stroke) ဖြစ်ပွားမှုကို ကာကွယ်နိုင်ရန် ပညာပေးခြင်း၊ နေပူရှိန်မှာ ပြင်းတဲ့ မနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်အောက်မှာ ကိုယ်ကာယအင်အားစိုက်ထုတ်ရတဲ့ အခြေခံဝန်ထမ်းများကို ပြင်းထန်တဲ့ အလုပ်မျိုးတွေမလုပ်မိဖို့ စတာတွေ၊ နေရောင်အောက်မှာ ထီးကဲ့သို့အပူအကာအကွယ်နဲ့ သွားလာခြင်း၊ ပေါ့ပါးတဲ့အဝတ်အစားများကို ဝတ်ဆင်ခြင်းစတဲ့ အသိပညာပေးရမှာဖြစ်ပါတယ်။ အပူရှပ်ခြင်းရဲ့လက္ခဏာ ရုတ်တရက် အပူချိန်တက်လာခြင်း၊ ခေါင်းမူးခြင်း၊ သတိလစ်ခြင်း စသည်များကို အခြေခံပြည်သူများသိအောင် ပညာပေးဖို့လိုအပ်ပါတယ်။ အခြေခံလုပ်သားများက ပိုပြီးတွေ့ကြုံရမှာဖြစ်ပါတယ်။ မီးဘေးကြိုတင်ကာကွယ်ရေး စတဲ့လုပ်ငန်းစဉ်များဟာကျယ်ပြန့်စွာဆောင်ရွက်ရမှာဖြစ်လို့ အစိုးရအနေနဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်နိုင်အောင် စီမံထားရမှာဖြစ်တဲ့အတွက် အဆိုရှင်ရဲ့တင်ပြချက်များကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မှူးကြမ်း**

**ဥက္ကဋ္ဌ။** ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးဖြစ်ပါတယ်။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းတင်ပြတဲ့ အရေးကြီးအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ပြင်းထန်တဲ့ အယ်လ်နီညို (El Nino) ရာသီဥတု နောက်ဆက်တွဲဆိုးကျိုးတွေကို နိုင်ငံအသီးသီးက ခံစားရမယ်ဆိုတာကို လွန်ခဲ့သော ခြောက်လကတည်းက ကျွန်တော်တို့ နိုင်ငံတကာမှာရှိတဲ့ ပြည်တွင်းပြည်ပ မိုးလေဝသပညာရှင်တွေနဲ့ မိုးလေဝသစောင့်ကြည့်ရေးပညာရှင်တွေဟာ အားလုံးခိုင်မာတိကျတဲ့အချက်အလက်တွေနဲ့ တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာသည် ရုတ်တရက်ကျရောက်တဲ့ သဘာဝဘေးအန္တရာယ်မဟုတ်ပါဘူး။ ကြိုတင်သိရှိနိုင်တဲ့ သဘာဝဘေးအန္တရာယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ပြင်းထန်တဲ့ အယ်လ်နီညို(El Nino) ရာသီဥတု နောက်ဆက်တွဲဆိုးကျိုးကိုခံစားရနိုင်တဲ့ ကျွန်တော်တို့ အရှေ့တောင်အာရှနိုင်ငံတွေ၊ အာရှနိုင်ငံတွေနဲ့ နိုင်ငံအသီးသီးဟာ ဒီအတွက် ဖြစ်ပေါ်လာနိုင်မယ့်အရာတွေကို ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့ အစည်းတွေ၊ NGO တွေ၊ INGO တွေနဲ့ပေါင်းစပ်ပြီးမှ သူတို့နိုင်ငံအသီးသီးမှာ ရေချိုရေသန့် လုံလောက်စွာရရှိရေး၊ လူနဲ့တိရစ္ဆာန်အစားအစာ ကြိုတင်စုဆောင်းခြင်း၊ ဒီလိုအပူချိန်မြင့်မားလာတဲ့ အတွက်ကြောင့် ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအတွက် ကြိုတင်ကာကွယ်ဖို့ရာ အစီအမံများထားခြင်း၊ နောက်တစ်ခါမှာ ငတ်မွတ်ခေါင်းပါးမှုကြောင့် ဖြစ်ပေါ်လာနိုင်မယ့် ရာဇဝတ်မှုတွေကို ဘယ်လိုဖြေရှင်းမယ်ဆိုတဲ့ ကြိုတင်စီမံမှုတွေကို ကြိုတင်စီမံထားကြပြီဆိုတာကို နိုဝင်ဘာလ၊ ဒီဇင်ဘာလကတည်းက သူတို့နိုင်ငံအသီးသီးမှာ ကော်မတီတွေအသီးသီး ဗဟိုကော်မတီ တွေဖွဲ့ပြီး ဆောင်ရွက်နေပြီဆိုတာကို သူတို့နိုင်ငံတွေရဲ့ သတင်းဌာနတွေကလည်း ဖော်ပြနေပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရုတ်တရက်သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ ငလျင်လှုပ်တာ၊ ရေကြီးတာ၊ မုန်တိုင်းကျတာ၊ တောမီးလောင်တာ ဒါတွေဖြစ်လာရင် ဘယ်လိုရင်ဆိုင်ဖြေရှင်းမယ်ဆိုတဲ့ အစီအမံတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေအသီးသီးမှာ စီမံချက်တွေဆွဲ၊ ဇာတ်တိုက်လေ့ကျင့်ဖို့ ညွှန်ကြားခဲ့ပြီးသားပါ။ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကလည်း စီမံချက်တွေ ရေးဆွဲပြီးပါပြီ။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာကတော့ အဲဒီစီမံချက်တွေဟာ ဖိုင်အတွင်းမှာပဲရှိပါတယ်။

တကယ်လက်တွေ့ သုံးစွဲနိုင်ခြင်းမရှိပါဘူး။ ဇာတ်တိုက်လေ့ကျင့်နိုင်ခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီသက်သေသာဓကကိုပြမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်း၊ ပြီးခဲ့တဲ့ နှစ်မှာဖြစ်ခဲ့တဲ့ တစ်နိုင်ငံလုံးအနှံ့မှာဖြစ်ခဲ့တဲ့ ရေကြီးခြင်း၊ မြေပြိုခြင်းလုပ်ငန်းစဉ်တွေမှာ အစီအမံသာရှိသော်လည်းပဲ ဇာတ်တိုက်လေ့ကျင့်ထားမှုမရှိတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့တစ်တွေမှာ လိုအပ်တာထက်ပိုပြီးတော့ ဆုံးရှုံးမှုတွေ တွေ့ကြုံခဲ့ရတာကို အားလုံးလည်း အသိပဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အယ်လ်နီညို (El Nino) ရာသီဥတုနောက်ဆက်တွဲဆိုးကျိုးတွေက ရုတ်တရက်ကျရောက်တဲ့ သဘာဝဘေးအန္တရာယ်မဟုတ်ပါဘူး။ ခြောက်လလောက်ကြိုတင်ပြီးတော့ ကြေညာထားပြီးသားပါ။ ဒီလိုကြိုတင်သတိပေးထားပါလျက်နဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက စာရွက်ပေါ်က စီမံချက်လောက်နဲ့ တာဝန်ကျေလုပ်နေမယ်ဆိုရင် အဖွဲ့အစည်းအသီးသီး ပူးပေါင်းဆောင်ရွက်မှု၊ ကြိုတင်ဆောင်ရွက်မှုတွေမလုပ်ခဲ့ဘူးဆိုလို့ရှိရင် ကျွန်တော်တို့တွေရဲ့ ဆုံးရှုံးမှုပမာဏဟာ ဒီ့ထက်ပိုပြီး ကြီးမားလာမှာပါ။ နောက်ဆုံးအဆင့် နိုင်ငံ့တည်ငြိမ်မှုကိုပါ ပျက်ပြားလာနိုင်ပါတယ်။ အဓိကကတော့ စားနပ်ရိက္ခာပြတ်တောက်ခြင်းပါပဲ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပမာ တစ်ခုပြမယ်ဆိုရင် အယ်လ်နီညို (El Nino)ရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဖြစ်တဲ့ မိုးဦးနောက်ကျခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ သီးနှံအထွက်နှုန်းအလွန်တရာမှ လျော့နည်းကျဆင်းမယ်ဆိုတာလည်း ပညာရှင်အသီးသီးက ထောက်ပြထားပြီးဖြစ်ပါတယ်။ ဒီ့အတွက် အယ်လ်နီညို (El Nino) ရာသီဥတု ဒဏ်ခံစားရနိုင်တဲ့ နိုင်ငံအသီးသီးဟာ မိမိတို့နိုင်ငံအတွက် စားနပ်ရိက္ခာတွေ အဓိကဖြစ်တဲ့ဆန်။ အရံဆန် ကြိုတင်သိုလှောင်မှုတွေ ပြုလုပ်နေကြပြီဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ မနေ့က ပြီးခဲ့တဲ့ အပတ်ထဲမှာ ကျွန်တော်တို့ မန္တလေးမှာရှိတဲ့ ကုန်စည်ဒိုင်နဲ့ တရုတ်-မြန်မာနယ်စပ်မူဆယ်ကုန်သွယ်ရေးစခန်းမှာရှိတဲ့ ဆန်တင်ပို့ရောင်းချသူများရဲ့ ပြောကြားချက်အရဆိုရင် တစ်ရက်ကို ဆန်အိတ်အပိုင်း ပေါင်း ၄၀၀၀၀ နဲ့ ၅၀၀၀၀ ကြား၊ တန် ၁၀၀၀ နီးပါးထွက်နေတာ။ ပြီးခဲ့တဲ့နှစ်က တန်ချိန်ပေါင်း ၁.၃ သန်း ရောင်းပါတယ်။ ဒီနှစ် နှစ်မကုန်သေးဘူး။ တန်ချိန်ရှစ်သိန်းကျော် ရောင်းချပြီးပြီဆိုတာကို သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ်ပေါ်လာနိုင်မယ့်ရာသီဥတုရဲ့ ဆိုးကျိုးနောက်ဆက်တွဲပြဿနာ၊ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ လူဦးရေသိပ်သည်းဆတွက်ချက်ပြီးတော့ အရန်ဆန်သိုလှောင်မှု၊ ဆန်ရောင်းချမှုကို ဥပဒေတစ်ခုပြဋ္ဌာန်းပြီး သို့မဟုတ် Policy တစ်ခုပြဋ္ဌာန်း

ပြီးတော့ ကျွန်တော်တို့ ထိန်းချုပ်ဖို့အချိန်ရောက်နေပါပြီ။ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က အရန်ဆန် လုံလောက်ပါတယ်လို့ ဆိုသော်ငြားလည်းပဲ၊ ပြောဆိုပါသော်ငြားလည်းပဲ နောက်ဆက်တွဲဖြစ်ပေါ် လာနိုင်တာတွေ အများကြီးရှိသည့်အတွက်ကြောင့် ဒါလေးကို ပြင်ဆင်ပေးဖို့လိုနေပြီဆိုတာကို အသိ ပေးပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထပ်မံ အကြံပြုလိုတာကတော့ အယ်လ်နီညို (El Nino) အကျိုးသက်ရောက်မှုကြောင့် သဘာဝဘေး အန္တရာယ်များ ကြိုတင်ကာကွယ်ရေးစီမံဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့များပူးပေါင်းပြီး နိုင်ငံတော်အဆင့် ဗဟိုကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ဖို့ အချိန်ကနောက်ကျတောင်နေပါပြီ။ သူများနိုင်ငံတွေမှာ နိုဝင်ဘာလ၊ ဒီဇင်ဘာလကတည်းက စတင်ပြီးဆောင်ရွက်နေတာပါ။ ကျွန်တော်တို့ အရင့်အရင်တုန်း ကတော့ ရုတ်တရက်ကျတဲ့ သဘာဝဘေးအန္တရာယ်တွေ ဖြစ်လာပြီဆိုလို့ရှိရင် ဖြစ်ပြီးတာနဲ့ တစ်ပြိုင်တည်း ကျွန်တော်တို့က ဗဟိုကော်မတီဖွဲ့ပြီးမှ ကြိုတင်ကာကွယ်မှုတွေ၊ ပြန်လည်ကုစားမှုတွေ ဆောင်ရွက်ကြတယ်။ ဒါက ကျွန်တော်တို့က ကြိုတင်မြင်ရတဲ့ သဘာဝဘေးအန္တရာယ်ပါ။ ဒီ့အတွက် ဗဟိုကော်မတီ တစ်ရပ်ပူးပေါင်းဖွဲ့စည်းထားမှသာလျှင် လုပ်ငန်းဆောင်တာတွေအားလုံး ချောချော မွေ့မွေ့ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဝန်ကြီးဌာနတစ်ခုချင်းစီမှာရှိတဲ့ အစီအမံနဲ့တော့ ဆောင်ရွက် ဖို့ရာ တော်တော်လေးခဲယဉ်းပါလိမ့်မယ်။ ဒါကြောင့်မို့လို့ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်ပြတဲ့အရေးကြီးအဆိုဖြစ်တဲ့ ၂၀၁၆ ခုနှစ်မှာဖြစ်ပေါ်လာမယ့် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် အယ်လ်နီညို(El Nino) အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာန များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောဧည့်သည်တော်များအားလုံး၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေး

တိုင်းဒေသကြီး၊ နွားထိုးကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၏ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာဆိုရင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းများကို ပြင်းထန်စွာ ခံစားနေရပါတယ်။ ယခုလိုဖြစ်ရခြင်းအကြောင်းအရင်းတွေမှာ သဘာဝအရပြောင်းလဲခြင်းများလည်း ပါဝင်နိုင်ပေမယ့် လူသားတွေရဲ့ သစ်တောခုတ်ထွင်မှု၊ သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ ဖန်လုံအိမ်အာနိသင်ရှိတဲ့ ဓာတ်ငွေ့များ အဆမတန်ထုတ်လွှတ်မှုတွေဟာ အဓိကဖြစ်စေတဲ့ အကြောင်းအရင်းဆိုတာ ငြင်းလို့မရပါဘူးခင်ဗျာ။ သာဓကအားဖြင့်ပြရရင် ကမ္ဘာ့မျက်နှာပြင်ရဲ့ ပျမ်းမျှအပူချိန်ဟာ ၁၈၈၀ ခုနှစ်နဲ့ ၁၉၃၀ ခုနှစ်အတွင်း ထူးထူးခြားခြားပြောင်းလဲမှုမရှိခဲ့ပေမယ့် စက်မှုထွန်းကားလာပြီး လောင်စာဆီနှင့် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲမှုများပြားလာတဲ့ ၁၉၃၀ ခုနှစ်နောက်ပိုင်းကစလို့ ထူးခြားလျင်မြန်စွာ မြင့်တက်လာခဲ့ပါတယ်။ ဒီလိုလျင်မြန်စွာမြင့်တက်လာခဲ့မှုမျိုးဟာ ယခင်သမိုင်းမှာ မရှိခဲ့ဘူးပါဘူး။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့မြန်မာနိုင်ငံမှာ လွန်ခဲ့သောနှစ်များအတွင်းမှာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု များစွာဖြစ်ခဲ့ရပါတယ်။ ၂၀၁၅ ခုနှစ် UNFAO ရဲ့ ကမ္ဘာ့သစ်တောအရင်းအမြစ်များ ဆန်းစစ်မှုအရဆိုရင် မြန်မာနိုင်ငံဟာ ဘရာဇီးနဲ့ အင်ဒိုနီးရှားပြီးရင် သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံဖြစ်ပါတယ်။ သစ်တောများပြုန်းတီးခဲ့မှုနှင့် အချိုးညီစွာပဲ ဆိုးကျိုးများခံစားခဲ့ရပြီး မြန်မာနိုင်ငံဟာ GERMANWATCH အဖွဲ့ရဲ့ ၁၉၉၄ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်အတွင်း သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ဖြစ်ခဲ့တဲ့ပျက်စီးမှုများကို တိုင်းတာတဲ့ Long Term Climate Risk Index မှာ ဒုတိယပျက်စီးမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့တာဖြစ်ပါတယ်။ ဘာကြောင့်၊ ဘယ်သူတွေကြောင့် သစ်တောပြုန်းတီးမှုတွေ ဒီလောက်ဆိုးဆိုးရွားရွားဖြစ်ခဲ့ရတယ်ဆိုတာ တိတိကျကျမသိခဲ့ရပေမယ့် ပြည်သူများကတော့ ဒီအတွက် ဘယ်အကျိုးကျေးဇူးကိုမှ မခံစားရဘဲ ဒုက္ခအပေါင်းသာ ခံစားခဲ့ရတာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မြန်မာပြည်သူများဟာ ရာသီဥတု ပြောင်းလဲမှုဒဏ်တွေကို ဆိုးရွားစွာခံနေရတာ ကာလတစ်ခုရှည်ကြာခဲ့ပြီဖြစ်ပါတယ်။ ပင်လယ်ကမ်းခြေတွေမှာ မုန်တိုင်းဝင်ရောက်မှုတွေ အကြိမ်စိပ်စိပ်ဖြစ်လာခဲ့သလို ပျက်စီးဆုံးရှုံးမှုတွေလည်း အထူးများပြားခဲ့

ပါတယ်။ ရာသီဥတုမမှန်ကန်လို့ စိုက်ပျိုးသီးနှံတွေပျက်စီးတာ ရေလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းမှာ ဆုံးရှုံးတာတွေလည်း ကြားသိနေရပါတယ်။ ပူးပြင်းခြောက်သွေ့မှုကြောင့် အပူပိုင်းဒေသတွေမှာ သောက်သုံးရေပြတ်လပ်မှုကလည်း ဆိုးရွားသည်ထက် ဆိုးရွားလာနေပါတယ်။ အချို့သောဒေသများမှာဆိုရင် သောက်သုံးရေရရှိဖို့အတွက် အလုပ်ပျက်၊ ပညာလေ့လာဖို့ပျက်နှင့် အချိန်နာရီ ပေါင်းများစွာ ပေးပြီး ရေရှိမယ့်အရပ်ကိုသွားလို့ ရေသယ်ယူနေရတာကို စိတ်မကောင်းဖြစ်စရာ မြင်တွေ့ရမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်ဟာဆိုရင် ဗုံးလေးရာ ဖရုံဆင့်ဆိုသလို ကမ္ဘာ့စံချိန်တင် အယ်လ်နီညို (El Nino) ရာသီဥတုဖြစ်ပေါ်နေခြင်းကြောင့် ခါတိုင်းရာသီဥတုဖောက်ပြန်မှု ဒဏ်ခံနေတာထက်ပိုပြီးတော့ကို နည်းမှုနဲ့ ပူးနွေးခြောက်သွေ့မှုတွေကို ခံစားရတော့မှာဖြစ်ပါတယ်။ ယခုကတည်းကကိုပဲ ရေပြတ်လပ်မှုတွေ နေရာတော်တော်များများမှာ စတင်ဖြစ်ပေါ်လာပြီဖြစ်သလို မီးလောင်ကျွမ်းမှုများကလည်း မကြာခဏဖြစ်ပေါ်နေပါပြီ။ သေချာစွာကြိုတင်ပြင်ဆင်ထားမှုသာမရှိခဲ့ရင် ဒီနှစ်နွေမှာ ကျွန်တော်တို့နိုင်ငံဟာ ကပ်ဘေးတစ်ခုဆိုက်သလို ခံစားကြုံတွေ့ရမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာမီကြုံတွေ့လာမယ့် သဘာဝဘေးအန္တရာယ်တွေကို ဖြေရှင်းဖို့ ဘယ်သူ့မှာတာဝန်အရှိဆုံးလဲဆိုရင် ပြည်သူကယုံကြည်လို့ ရွေးချယ်ထားတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝင်များပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူများ ပရဟိတအဖွဲ့များဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကူညီရေးတို့မှာ တက်တက်ကြွကြွပါဝင်နေတာကို ဂုဏ်ယူဖွယ်တွေ့မြင်နေရပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်းဒေသမှာ သောက်သုံးရေပြတ်လပ်မှုဖြစ်ရင် သောက်သုံးရေကို အဓိကပံ့ပိုးနေတာ လူမှုအခြေပြု ရေအလှူအသင်းများပဲဖြစ်ပါတယ်။ တကယ်တမ်းတော့ အဲဒီအလှူရှင်များ၊ လူမှုရေး အသင်းများဟာ ပရဟိတစိတ်၊ ဂရုဏာစိတ်နှင့် တာဝန်သိသိ ကူညီဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝင်များဟာ လူထုဘဝအခက်အခဲများရဲ့ တာဝန်အရှိဆုံးဆိုတာ မေ့လျော့လို့မဖြစ်ပါခင်ဗျ။ ပြည်သူ့ဒုက္ခတွေကို ကျွန်တော်တို့ဒုက္ခအဖြစ်ခံယူရမှာဖြစ်ပြီး တာဝန်ယူစဉ်မှာ ပြည်သူ့ဒုက္ခတွေကို လျော့ကျသွားအောင်ဆောင်ရွက်မပေးနိုင်ခဲ့ရင် တာဝန်မကျေဘူးလို့ မှတ်ယူရမှာဖြစ်ပါတယ်။

**မူကြမ်း**

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာခင်ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်များဟာ တာဝန်ရှိသူများက သေချာစွာကြိုတင်ပြင်ဆင်ထားမှသာလျှင် ပြည်သူလူထုအနေနဲ့ ထိခိုက်မှုနည်းနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၏ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို (El Nino) အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဦးစိန်မြအေး ဒလမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဦးစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များ မင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော် ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းထားတဲ့ အရေးကြီးအဆိုကို အပြုသဘောအကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအယ်လ်နီညိုရဲ့ဆိုးကျိုးတွေဟာ မြန်မာနိုင်ငံကို မကြာခင် ကျရောက်တော့မှာဖြစ်တဲ့အတွက် အဆိုကိုယနေ့အတည်ပြုပြီးတော့ ဆောင်ရွက်ကြတော့မယ်ဆိုရင်တောင် အချိန်မီပါ့မလားလို့ စိုးရိမ်ရတဲ့အနေအထားတစ်ခုဖြစ်နေပါတယ်။ ဘာပဲပြောပြောကံကောင်းနေတာကတော့ အယ်လ်နီညိုရဲ့ဆိုးကျိုးတွေဟာ ဘယ်အချိန်မှာလာပြီး ငါတို့ဘယ်အချိန်မှာပြန်မယ်လို့ ပြောပြောပြီးလာတတ်လို့ ကျွန်တော်တို့အနေနဲ့ ကြိုတင်ပြင်ဆင်ချိန်ရနေတဲ့အချက်ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ဟာ အယ်လ်နီညိုသမိုင်းမှာ အပြင်းထန်ဆုံးနှစ်ဖြစ်တယ်လို့ ပညာရှင်ပေါင်းစုံဆန်၊ စပါး၊ ငါးလုပ်ငန်းစတဲ့ အသင်းပေါင်းစုံကလည်း ထိခိုက်ဆုံးရှုံးမှုအပေါင်းမှ ကာကွယ်တားဆီးပြင်ဆင်ထားနိုင်ရန် တိုက်တွန်းနေကြပါတယ်။

တစ်ခါ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဒလမြို့နယ်မှာဆိုလို့ရှိရင် နာမည်ကြီးရေချိုရှားပါးမှုဟာ နွေရာသီမှာ ဖြစ်လေ့ရှိတဲ့အတိုင်း ယခုအခါမှာ တိကျတဲ့ ကိန်းဂဏန်းတွေကို သတင်းတွေအဆက်မပြတ်ဝင်တာကြောင့် မရပေမယ့်လည်းဘဲ ဧပြီလမှခမ်းတက်တဲ့ ရေချိုကန်တွေဟာ အခုမတ်လ

မရောက်ခင်ကတည်းက ခမ်းနေပြီဖြစ်တယ်ဆိုတာကို ကျွန်တော် သိရှိနေပါပြီ။ မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းရှင်များအသင်းရဲ့ ခန့်မှန်းချက်အရ အရန်ဆန်တန်ချိန် နှစ်သိန်းမှ ငါးသိန်းအထိ ဝယ်ယူရန် အစိုးရကို အဆိုပြုထားပြီးဖြစ်တယ်ဆိုတဲ့အချက်ဟာလည်း ကျွန်တော်တို့ မေ့ဖို့မသင့်ပါဘူး။ ဒါပေမဲ့ ဒီအရန်ဆန်ဝယ်ယူခြင်းဟာ ယခုအချိန်မှာ စျေးနှုန်းတွေမြင့်မားနေတဲ့အတွက် ဆန်အရန်ဝယ်ယူခြင်း ကိုလည်း ဧပြီလကုန် သို့မဟုတ် မေလဆန်းမှ ဝယ်ယူနိုင်တော့မှာ ဖြစ်တယ်ဆိုတဲ့ စိုးရိမ်ဖွယ်ရာအချက် ကိုလည်း သိရှိထားပါတယ်။ မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအသင်းကလည်း အယ်လ်နီညိုကြောင့် ငါးမွေးမြူရေးလုပ်ငန်းတွေ ထိခိုက်နိုင်တယ်လို့ပြောထားပါတယ်။ ငါးတွေက အပူပြင်းရင်သေပါမယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားဝင်ငွေကို ၂၀၀၅ ခုနှစ်က ဒေါ်လာ ၈၆ သန်းဖိုးရှာပေးတဲ့ ငါးတင်ပို့မှုတန်ဖိုးဟာ ဒီနှစ်မှာ မီနိုင်ပါ့မလားလို့ စိုးရိမ်နေရတဲ့ အနေအထား ဖြစ်ပါ တယ်။ တစ်ခါ အယ်လ်နီညိုကြောင့် မြန်မာနိုင်ငံရဲ့ ပဲအဓိကစိုက်ပျိုးတဲ့ မြန်မာပြည်အလယ်ပိုင်းက မိုးနည်းရာ ဒေသတွေမှာ စိုက်လေ့ရှိတဲ့ နှမ်း၊ မြေပဲနှင့် ပဲမျိုးစုံစိုက်ပျိုးရေးလုပ်ငန်းတွေဟာလည်း ရေမိုးခေါင်မှု တွေကြောင့် ထိခိုက်မှာသေချာဖြစ်တာကြောင့် ကမ္ဘာ့အဓိကပဲမျိုးစုံတင်ပို့နေတဲ့ မြန်မာနိုင်ငံဟာ ယခုနှစ်မှာ ၂၀၁၃-၂၀၁၄ ခုနှစ်ကဲ့သို့ အမေရိကန်ဒေါ်လာ ၈၉၆ သန်းကျော် မရရှိနိုင်တဲ့ အခြေ အနေဖြစ်နေပြီဖြစ်ကြောင်း Myanmar Insider မှာ ဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။ ဒီလို ပြည်သူတွေ၊ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝတွေကို လုံခြုံမှုရှိလာအောင် ဆောင်ရွက် ဖို့ကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အသီးသီးနဲ့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရရဲ့တာဝန်ပဲဖြစ်ပါတယ်။

တစ်ခါ နောင်တက်လာမယ့် ပြည်ထောင်စုအစိုးရကို ကောင်းကောင်းဒုက္ခပေးနိုင်တဲ့ အယ်လ်နီညိုရဲ့ဘေးဆိုး၊ ကပ်ဆိုးကြီးကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာဝန်ကြီး ဌာနများ ပူးပေါင်းဆောင်ရွက်ဖို့ အဆိုရှင်က အရေးကြီးအဆိုတင်တဲ့အတွက်လည်း ပြည်သူလူထု ကိုယ်စား ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ သတိထားစရာတွေက မြန်မာ့သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲရေးသမိုင်းကိုကြည့်ရင် နာဂစ်ကစလို့ မနှစ်က နိုင်ငံအဝှမ်းရေကြီးမှုအထိ ပြည်သူတွေက နိုင်ငံတော်ပိုင်းထက် အစိုးရမဟုတ်တဲ့ ပရဟိတအဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေကိုပဲ ကျေးဇူးပိုတင်ကြ၊ ချီးကျူးကြတာကို တွေ့ရတာဖြစ်ပါတယ်။ ဒါဟာ အစိုးရရဲ့ဦးစီးဦးဆောင်မှု ဟာ အားနည်းသလို၊ အားနည်းနေသလားလို့ထင်စရာ ဖြစ်နေပါတယ်။ ဒါကြောင့်မို့ ဒီတစ်ခါဖြစ်မယ့် အယ်လ်နီညိုရဲ့ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ

မူကြမ်း

ပူးပေါင်းဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို တင်သွင်းထားခြင်းဟာ ယခင်က သင်ခန်းစာတွေကို ပြန်လည်ကုစားဖို့ ရည်ရွယ်ထားသလားလို့ မျှော်လင့်မိပါတယ်။ လက်ရှိ အနေအထားအရ ၂၀၁၃ ခုနှစ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနဲ့ ၂၀၁၅ ခုနှစ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေတွေကတော့ အဆင်သင့်ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေနှင့်အညီ အမျိုးသားအဆင့်မှသည် ဒေသဆိုင်ရာအဆင့်ထိ အဖွဲ့များဖွဲ့စည်းပြီး ဝန်ကြီးဌာနများက လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်တားဆီးပြင်ဆင်ရေး၊ ရှာဖွေကယ်ဆယ်အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အပြောမဟုတ် လက်တွေ့ကျကျမလုပ်နိုင်ဘူး၊ ပြည်သူ့သဘောကျမဆောင်ရွက်နိုင် ဘူးဆိုရင်တော့ ယခင်ကသင်ခန်းစာတွေကို ကျွန်တော်တို့က သင်ခန်းစာယူရမှာဖြစ်ပါတယ်။ ဒါမှသာ သဘာဝဘေးအန္တရာယ်ကြုံတိုင်း ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ ဆောင်ရွက်စောင့်ရှောက်မှုတွေကိုကြည့်ပြီး အားမလိုအားမရဖြစ်ခဲ့ရတဲ့ ပြည်သူတွေရဲ့ဆန္ဒနှင့် မျှော်လင့်ချက်တွေပြည့်လာပြီး ယခုလက်ရှိအစိုးရ ကိုလည်း ပြည်သူလူထုက ကျေးဇူးတင် နောင်တက်လာမယ့်အစိုးရသစ်အတွက်လည်း နိုင်ငံတော် တိုးတက်ရေးအတွက် ဆောင်ရွက်ရမှာ အယ်လ်နီညိုကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်နိုင်တော့တာကြောင့် အဆိုရှင်တင်သွင်းထားတဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၆ ခုနှစ်တွင်ဖြစ်ပေါ်လာမည့် အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ်များကို ကြိုတင်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်း ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို လေးလေး နက်နက်ထောက်ခံအပ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇုန်းတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးအမှူးပြု၍ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်သင်းရဲ့ အဆိုကို ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇုန်းတိန့်မှ ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုကြောင့် ၁၉၉၇ ခုနှစ် ဇွန်လမှစတင်ကာ တစ်နှစ်ကြာမြင့်ခဲ့ချိန်တွင် မြို့ကြီး ၁၈

မြို့တွင် အပူချိန်စံချိန်တင်ခဲ့ကာ ၁၅ မြို့နယ် တွင် မိုးရေချိန်အနည်းဆုံးစံချိန်တင်ခဲ့ပါတယ်။ စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအဖို့ များစွာ နစ်နာဆုံးရှုံးခဲ့ရပါတယ်။ ၁၉၈၀ ပြည့်နှစ်မတိုင်မီက အယ်လ်နီညိုသည် ငါးနှစ်မှ ခုနစ်နှစ်လျှင်တစ်ကြိမ် ဖြစ်ပေါ်လျက်ရှိသော်လည်း ယခု သုံးနှစ်မှ လေးနှစ်လျှင်တစ်ကြိမ် ဖြစ်ပေါ်လာပြီး ယခင်ကထက် ဆိုးရွားသောရာသီဥတုကို ဖန်တီးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ်တွင် အယ်လ်နီညို ကြောင့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ဟားခါး၊ တွန်းဇံ၊ ကလေးမြို့နယ်တို့တွင် ရေကြီးမှု၊ တောင်ပြိုမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ တွင် အယ်လ်နီညို စတင်အားကောင်းခြင်းဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် နှစ်လယ်ကာလအထိ သတိထားရမှာ ဖြစ်ပါတယ်။ ကချင်နှင့် ချင်းပြည်နယ်တို့တွင် အပူချိန်ယခုထက် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပူမည်ဖြစ်ကြောင်း သိရှိရပါတယ်။

ကချင်ပြည်နယ်အတွင်း တရားမဝင်သစ်ထုတ်ခြင်းနှင့် ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် ပူပြင်းခြောက်သွေ့မှု ပိုမိုမြင့်မားလာနိုင်ပြီး ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ စိမ့်စမ်းရေတွင်းများ ထိခိုက်၍ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ကချင်ပြည်နယ်တွင် မြစ်ဖျားခံသည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် မြစ်ရေလျော့နည်းမှုများ ဖြစ်ပေါ်နေပါတယ်။ ယခုနှစ်မိုးရာသီတွင် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)တို့တွင် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း မိုးလေဝသဌာနမှ ခန့်မှန်းထုတ်ပြန်ထားပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် အဆိုးရွားဆုံးစာရင်းတွင် မြန်မာနိုင်ငံသည် ဒုတိယနေရာတွင်ပါရှိပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးရသည့် ငွေကြေးပမာဏကို တွက်ချက်ကြည့်ပါက မြန်မာနိုင်ငံ၏အသားတင်ရငွေရဲ့ ၂.၅၅ ရာခိုင်နှုန်းဆုံးရှုံးနေကြောင်း ရာသီဥတုပြောင်းလဲမှုအန္တရာယ်များကြောင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၇၀၇ သန်းဆုံးရှုံးနေကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ထုတ်ပြန်ချက်အရ သိရှိရပါတယ်။ လွန်ခဲ့တဲ့နှစ် ၂၀ အတွင်း သဘာဝဘေးကြောင့် တစ်နှစ်လျှင် ပျမ်းမျှလူ ၄၅၀၀ ခန့် သေဆုံးမှုရှိနေကြောင်းကို သိရှိရပါတယ်။ တရားဝင်ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏သစ်တော ဖုံးလွှမ်းမှုသည် ၁၉၇၅ ခုနှစ်မှာ နိုင်ငံရေးဧရိယာရဲ့ ၆၁ ရာခိုင်နှုန်း၊ ၁၉၈၉ ခုနှစ်မှာ ၅၉ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်မှာ ၄၆.၉၆ ရာခိုင်နှုန်းရှိခဲ့ပြီး လက်ရှိမှာ ၂၄ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ပညာရှင်များသုံးသပ်ဖော်ပြထားတာတွေကိုလည်း သိရှိရပါတယ်။ အယ်လ်နီညိုသည် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုအားကောင်းလာပြီး အဆိုးရွားဆုံးကြုံတွေ့နိုင်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကြုံတွေ့

လာမည့် အယ်လ်နီညိုဖြစ်စဉ်များကို အခြေခံပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာခြင်း ဖြစ်ရပ်များအပေါ်အခြေခံ၍ ကြိုတင်ပြင်ဆင်ကာကွယ်မှုများကို ပြည်သူလူထုအတွင်းသို့ အသိပေးမှုများ ဆောင်ရွက်ပေးသွားရန် လိုအပ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်သည် အစိုးရအသစ်နှင့် အဟောင်းတို့ တာဝန်လွှဲပြောင်းရေးကို ဦးစားပေးဆောင်ရွက်နေစဉ်ကာလအတွင်း လတ်တလော ကြုံတွေ့လာရသည့် ဘေးအန္တရာယ်များအပေါ် အစိုးရအဟောင်းနဲ့ အစိုးရအသစ်တို့မှ ပြည်သူများအပေါ် အလေးထားမှုလျော့နည်းသွားပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်မထားပါက ကြီးမားသော ဆုံးရှုံးမှုများနှင့် ကြုံတွေ့နိုင်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှလည်း အခြေအနေမှန်ကိုသုံးသပ်ကာ အသေးစိတ်ပြင်ဆင်ရန် လိုအပ်ပါတယ်။ ယခင်ကြုံတွေ့ခဲ့ရသည့် အခြေအနေများအပေါ်မှာ သုံးသပ်ကာ အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ NGO များ၊ မီဒီယာများအနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုရှင် ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်မှ တင်သွင်းသည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညိုအကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် စီမံဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး ဖြစ်ပါတယ်။ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် ဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အယ်လ်နီညိုဆိုတာ သမုဒ္ဒရာရေစီးကြောင်းများကို စပိန်ဘာသာဖြင့်ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရပါတယ်။ သမုဒ္ဒရာနဲ့ လေထုဆက်စပ်မှုကြောင့် အပူချိန်မြင့်ခြင်းလို့လည်းဖော်ပြကြတာရှိပါတယ်။

တချို့ကတော့ သမုဒ္ဒရာမျက်နှာပြင်ပေါ်သို့ အီကွေတာလေပူများ ဖြတ်သန်းတိုက်ခိုက်ခြင်းကိုလည်း ဖော်ပြကြပါတယ်။ ၁၉၉၇-၁၉၉၈ ခုနှစ်မှာဖြစ်ပေါ်ခဲ့တဲ့ အယ်လ်နီညိုဟာ အဆိုးဆုံးစံချိန်တင်ထားတယ်လို့သိရပါတယ်။ ကမ္ဘာတစ်ဝှမ်း လူ ၂၄၀၀၀ ခန့်သေဆုံးပြီး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံခန့် ဆုံးရှုံးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာတော့ မြို့ ၁၈ မြို့မှာ အပူချိန်အမြင့်ဆုံးစံချိန်တင်ခဲ့ပြီး ၁၅ မြို့မှာတော့ မိုးရေချိန် အနည်းဆုံးစံချိန်တင်ခဲ့တယ်လို့ သိရပါတယ်။ ယခု အယ်လ်နီညိုကြောင့် ၂၀၁၅ ဒုတိယနှစ်ဝက်မှာ ကမ္ဘာတစ်ဝှမ်း လူ ၂၀၀၀၀ ကျော်သေဆုံးပြီး အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ပိုမိုဆုံးရှုံးနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလအတွင်း ဒေသအချို့မှာ ပုံမှန်အပူချိန်ထက် ၂ မှ ၁၂ ဒီဂရီ စင်တီဂရိတ်ထိ ပူခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ တိုင်းတာချက်အရ အယ်လ်နီညိုဟာ အားကောင်းဆဲဖြစ်ကြောင်း၊ ဇွန်လအထိရှိနေနိုင်ကြောင်း သိရှိရပါတယ်။ အယ်လ်နီညိုကြောင့် ရေရှားပါးနိုင်တဲ့အတွက် ရေကိုချွေတာရန်၊ ရေရရှိနိုင်သော နေရာများကို ရှာဖွေထားရန် ရေသယ်ယူရေးနှင့် ဖြန့်ဝေရေးစီစဉ်ထားရန် ရေအနည်းငယ်သာလိုသော သီးနှံများကို ရွေးချယ်စိုက်ပျိုးရန်၊ ရေအလေအလွင့်မရှိစေရန် ကတိပြုရမှာဖြစ်ပါတယ်။ အပူချိန်တစ်ဒီဂရီတိုးတိုင်း ချောင်းမြောင်းများခမ်းခြောက်နိုင်ကြောင်း သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ လွန်ခဲ့တဲ့ နှစ် ၃၀ ထက်အပူချိန် ၀.၈၆ ဒီဂရီ စင်တီဂရိတ်တိုးလာကြောင်း သိရှိရပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ကလော၊ ဖျာပုံ၊ ညောင်တုန်း၊ ရွှေဘို၊ မကွေးစတဲ့ ဒေသတွေမှာ ရေရှားပါးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၅ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလတို့မှာ ရွာပေါင်း ၄၆ ရွာ ရေပြတ်လပ်ခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်မှ ကျေးရွာအများစုပါဝင်ကြောင်း၊ ရေငံဒေသများ ရေပြတ်လပ်ပါက အညာဒေသထက်ပိုဆိုးနိုင်ကြောင်း သိရှိရပါတယ်။ ယခုနှစ်မှာတော့ ရေရှားတဲ့ဒေသတွေကို သက်ဆိုင်ရာဌာနက ကား၊ ရထား၊ သင်္ဘောတွေနဲ့ ရေပေးပို့မယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၇ ရက်အတွင်း ရေပြတ်လပ်မှုမရှိရေး၊ ကွင်းဆင်းစစ်ဆေးခြင်း၊ စီမံချက်ရေးဆွဲခြင်း၊ ညှိနှိုင်းစည်းဝေးခြင်းများကို ရခိုင်ပြည်နယ်မှ ကျေးရွာများ ညောင်လေးပင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်နှင့် ညောင်ဦးမြို့နယ်များမှာ ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ အယ်လ်နီညိုဟာ မီးလောင်မှုကို အားပေးကြောင်းသိရှိရပါတယ်။ ၂၀၁၅ ခုနှစ်တစ်နှစ်လုံးမှာ မီးလောင်မှုကြောင့် ငွေကျပ် နှစ်ဘီလီယံကျော်ဆုံးရှုံးခဲ့ကြောင်း၊ ၂၀၁၆ နှစ်စမှ ဖေဖော်ဝါရီလ ၁၄ ရက်ထိ မီးလောင်မှုကြောင့် ငွေကျပ် ၃၇ ဘီလီယံဆုံးရှုံးခဲ့ကြောင်း၊ ယခုနှစ်

ဇန်နဝါရီလမှာ တစ်နိုင်ငံလုံးမီးလောင်မှုပေါင်း ၁၇၀ ကျော်ဖြစ်ပွားခဲ့ကြောင်း၊ ရန်ကုန်နှင့် မန္တလေးမှာ မီးလောင်မှုအများဆုံးဖြစ်ကြောင်း သိရှိရပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ စိုက်ပျိုးရေးအတွက် ဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း ရေရှားပါးမှုနှင့်ပတ်သက်၍ နှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း ဥက္ကဋ္ဌကလည်း ရေအရင်းအမြစ်ရှာရန်၊ ဆည်ရေပေးတူးမြောင်းများပြင်ဆင်ရန်၊ အရန်ဆန်များထားရှိရန် အစိုးရကိုတိုက်တွန်းထားကြောင်း သိရှိရပါတယ်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းက သတ်မှတ်ရေပမာဏမရပါက ရေအား လျှပ်စစ်အပြည့်မရနိုင်တဲ့အတွက် လျှပ်စစ်ချွေတာရန်လိုအပ်ကြောင်း ထုတ်ပြန်ထားပါတယ်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က အပူချိန်မြင့်မားမှုကြောင့် ရေကန်ခမ်းခြောက်နိုင်မှု ငါးများသေဆုံးနိုင်မှု၊ ဖြစ်ပေါ်နိုင်တဲ့ဆုံးရှုံးမှုများအတွက် ရေလုပ်ငန်းရှင်များအနေနဲ့ ပြင်ဆင်ထားရန်လိုအပ်ကြောင်း ထုတ်ပြန်ထားပါတယ်။ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၆ ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေ ရွှေကူ၊ မော်လမြိုင်၊ မုံရွာမြို့များမှာ မီးဘေးလုံခြုံရေး ဟောပြောပွဲ၊ သရုပ်ပြပွဲ ဇာတ်တိုက်လေ့ကျင့်မှု များပြုလုပ်ခဲ့ပါတယ်။ ရန်ကုန်မီးဘေးလုံခြုံရေးအတွက်လည်း ကင်မရာရှစ်လုံးဖြင့် Control Command Centre မှာ စောင့်ကြည့်လျက်ရှိကြောင်း သိရှိရပါတယ်။ နောင်ချိုမြို့ မြို့မဈေးလမ်းမ ဈေးတံခါးကို မီးသတ်ကားဝင်နိုင်အောင် ပြင်ဆင်လျက်ရှိကြောင်း သိရှိရပါတယ်။ မီးဘေးကာကွယ် ရေးအတွက် လမ်းဘေးစက်သုံးဆီအရောင်းဆိုင်ငယ်များကိုပါ ပညာပေးရေး၊ ရပ်ကွက်တိုင်း၊ လမ်းတိုင်းသို့ မီးသတ်ကားများဝင်နိုင်ရေး၊ ရပ်ကွက်တိုင်း၊ လမ်းတိုင်း၊ ကျေးရွာတိုင်းမှာ မီးသတ်ရေလှောင်ကန် များထားရှိရေး၊ မီးသတ်ကားသွားလာရန်ခက်ခဲသောရွာများတွင် သီးခြားစီမံချက်များရေးဆွဲထားရေး၊ မြို့/ရွာရပ်ကွက်တစ်ခုချင်းစီအတွက် မီးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး စီမံချက်များရေးဆွဲပြီး လက်တွေ့ကျင့်သုံးနိုင်ရန် ဆောင်ရွက်သင့်ပါတယ်။ အယ်လ်နီညိုကြောင့် မျက်စိ၊ ဝမ်းနှင့်အရေပြား ရောဂါများဖြစ်ပွားနိုင်သဖြင့် ကျန်းမာရေးဦးစီးဌာနရဲ့ အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်ကို လိုက်နာကြရန် လိုအပ်ပါတယ်။ ဧပြီလ ၁၆ ရက်နေ့မှာ အယ်လ်နီညို OutLook Forum ကိုကျင်းပခဲ့ ကြောင်း၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ စွမ်းအင် စတဲ့ဆက်စပ်ဌာနများတက်ရောက်ခဲ့ ကြောင်း ၂၀၁၀ အယ်လ်နီညိုဖြစ်စဉ်မှာ အပူချိန်စံချိန်တင်ခဲ့တဲ့အတွက် ဒီနှစ်မှာလည်း စံချိန်သစ်

တင်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်က ပြောခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ရာသီဥတုပြောင်းလဲခြင်းနှင့် အယ်လ်နီညိုဖြစ်စဉ်တို့ရဲ့ သက်ရောက်မှုများကို ပြည်ထောင်စုအစိုးရက ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ အစိုးရများ၊ သက်ဆိုင်ရာဌာနများက အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကာ ဒေသအလိုက်တာဝန်ယူဖြေရှင်းကြပြီး အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခြင်းဖြင့် အရေးကြီးအဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာမောင်သင်း တင်သွင်းခဲ့တဲ့ အရေးကြီးအဆိုနှင့်ပတ်သက်ပြီး ဖြည့်စွက်အကြံပြု တင်ပြသွားမှာဖြစ်ပါတယ်။ ဆွေးနွေးခြင်းကို Power Point ဖြင့်ဆွေးနွေးခွင့်ပြုပါရန် ထပ်ဆင့်တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာခဲ့လို့ရှိရင် ဆောင်ရွက်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ၂၀၁၃ နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေ ၂၀၁၅ ကို ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်ရာလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှာ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်ခင်ဗျား။ သို့ပါသောကြောင့် အယ်လ်နီညို သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းအတွက် အဆိုပါဥပဒေများနှင့် နည်းဥပဒေများပါအတိုင်း စနစ်တကျတိတိကျကျနဲ့ အထူးဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားမယ်ဆိုရင် ဘေးဒုက္ခအန္တရာယ်များမှ လျော့ပါးသက်သာစေပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုများလည်း နည်းပါးစေမှာဖြစ်ကြောင်း ပထမအချက်အနေနဲ့ တင်ပြလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ သဘာဝဘေးအန္တရာယ်များကို ချဉ်းကပ်ရင်ဆိုင်ဖြေရှင်းရာမှာ မဖြစ်မနေဆောင်ရွက်ရမယ့်အပိုင်း၊ ဖြစ်နေဆဲ

မှာဆောင်ရွက်ရမယ့်အပိုင်းနှင့် ဖြစ်ပြီးနောက်ဆောင်ရွက်ရမယ့်အပိုင်းဆိုပြီးတော့ အပိုင်းသုံးပိုင်း ပါဝင်လျက်ရှိပြီး ဒီအပိုင်းသုံးပိုင်းလုံးဟာဆိုလို့ရှိရင် အင်မတန်ကျယ်ဝန်းနက်ရှိုင်းလှတဲ့အတွက် အထူးဂရုစိုက်ပြီးတော့ အထူးဦးစားပေးဆောင်ရွက်သွားရန် လိုအပ်လှပါတယ်။ ကျွန်တော့်အနေနဲ့ ခွင့်ပြုချိန်အတိုင်းအတာအရ ဖြစ်ပေါ်နေဆဲအပိုင်း(Emergency Responses) အပိုင်းကို ကောက်နုတ်တင်ပြသွားမှာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ ၂၀၁၃ ခုနှစ်၊ အခန်း(၆) ပုဒ်မ ၁၇ ပုဒ်မခွဲ(က)မှာ သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေသူများကို အရေးပေါ်ရှာဖွေကယ်ဆယ်ခြင်းဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဇ)တွင် သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများပါဝင် ဆောင်ရွက်ခြင်းဟူ၍ လည်းကောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနည်းဥပဒေ ၂၀၁၅ ခုနှစ်၊ အခန်း(၄) ပုဒ်မ ၁၂ ပုဒ်မခွဲ(ဠ)တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အစိုးရမဟုတ်သောအခြားအဖွဲ့ အစည်းများ၏ လုပ်ဆောင်ချက်များအားညှိနှိုင်းပေါင်းစပ်ပေးခြင်းဟူ၍လည်းကောင်း ဖော်ပြထားရှိပါတယ်။ သို့ပါ၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နေဆဲကာလတွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအား လျင်မြန်၊ မှန်ကန်၊ ထိရောက်လုံခြုံစွာနှင့်ဆောင်ရွက်နိုင်ရေးအတွက် အသက်ကယ်လုပ်ငန်း များကို ဆောင်ရွက်ကြရမယ့် မီးသတ်တပ်ဖွဲ့အပါအဝင် ပူးပေါင်းဆောင်ရွက်ကြမယ့် အခြားအဖွဲ့ အစည်းများအတွက်လည်း လိုအပ်တဲ့လူအင်အား၊ ပစ္စည်းကရိယာများနှင့် ကျွမ်းကျင်မှုဆိုင်ရာပညာ ရပ်များကို ပြည့်စုံစွာဖြည့်ဆည်း ပြင်ဆင်ထားရှိသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဥပမာအားဖြင့် ခေတ်မီရှာ ဖွေရေးဆိုင်ရာပစ္စည်းကိရိယာများဖြစ်တဲ့ Hydraulic cutter, hydraulic spreader, hydraulic rams, lifting bell, searching, camera rescue dogs အစရှိတဲ့ ပစ္စည်းများနှင့်အတူ ရေကြီးမှုစသော သဘာဝဘေးအန္တရာယ်များကို နိုင်ငံတကာစံနှုန်းမီ အသက်ကယ်တင်ရေး လုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် အသက်ကယ်ရဟတ် ယာဉ်များကိုပါ စီမံဖြည့်ဆည်းထားပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်အနေနဲ့ နိဂုံးချုပ်တင်ပြလိုတာကတော့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနည်းဥပဒေများ ၂၀၁၅ ခုနှစ်၊ အခန်း(၄) ပုဒ်မ ၁၂ ပုဒ်မခွဲ(ဆ)မှာ ဘေးအန္တရာယ်လျော့ပါးသက်သာစေရေး ဆောင်ရွက်မှုများအတွက် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဥ်းသည့် သိမှတ်ဖွယ်ရာများကို အများပြည်သူတို့အား အသိပညာပေးခြင်း၊ လိုအပ်

သောပညာပေးသင်တန်းများဖွင့်လှစ်ခြင်းနှင့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ခြင်း ဟူ၍ဖော်ပြပါရှိပါတယ်။ သို့ပါသောကြောင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပြည်သူလူထု တစ်ရပ်လုံးမှ အချိန်နှင့်တစ်ပြေးညီသိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် မီဒီယာအသီးသီးမှ အမြဲ မပြတ်အထူးသတိပေးခြင်း၊ အထူးနှိုးဆော်ခြင်းနှင့်အတူ ဇာတ်တိုက်လေ့ကျင့်ခြင်းများကိုလည်း အထူး ဆောင်ရွက်ထားသင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း လေးစားစွာ ဦးစွာပထမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညိုအကျိုး သက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် စီမံဆောင်ရွက် နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက် နိုင်ရေးကို ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၏ အရေးကြီးအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅-၂၀၁၆ ခုနှစ်သည် အယ်လ်နီညို ရာသီဥတု၏ ၁၅ ရက်မှစတင်၍ သမိုင်းတစ်လျှောက် အားအကောင်းဆုံး စံချိန်သစ်သို့ ရောက်လာ သည့်အတွက် မြန်မာနိုင်ငံတွင်လည်း ပူပြင်းခြောက်သွေ့သည့် ရာသီဥတုအဖြစ် ကြုံတွေ့ရမည်ဖြစ်ပါ သည်။ ယခုနှစ် နွေရာသီတွင် အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရန်ကုန်တိုင်း ဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၀ ခုတို့တွင် ပုံမှန်ထက် ရာနှုန်းပြည့် ပိုမိုပူပြင်းနိုင်ကြောင်း ရေရှားပါးခြင်း၊ ကျန်းမာရေး၊ စိုက်ပျိုးရေးတို့တွင် ထိခိုက်ပျက်စီးမှုများ အများဆုံးရှိ နိုင်ကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်မှ လူမှုစာမျက်နှာများပေါ်တွင် မကြာခဏ သတိပေး လှုံ့ဆော်မှုများ ပြုလုပ်နေခြင်းကို သိရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်သည် မြန်မာနိုင်ငံတွင် အယ်လ်နီညိုအကြီးမားဆုံးနှစ်တစ်နှစ်ဖြစ်၍ မတ်လမှ မေလကုန်အထိ ကာလများတွင် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာနိုင်ပါတယ်။ ထိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံအရပ်ရပ်တွင် ရေရှားပါးမှုပြဿနာ၊ ကျန်းမာရေးထိခိုက်မှုပြဿနာ၊ စိုက်ပျိုးရေးကဏ္ဍပျက်စီးဆုံးရှုံးမှုများ၊ မီးဘေးအန္တရာယ်များ ဖြင့်ကြုံတွေ့လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ နှစ်ပေါင်းတစ်ရာအတွင်း အားအကောင်းဆုံးဟု သတ်မှတ်ထားသည့် အယ်လ်နီညိုရာသီဥတုကြောင့် လက်ရှိတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၄၀၀ ကျော်ခန့် ရေအခက်အခဲ စတင်ကြုံတွေ့နေရကြောင်း ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ သောက်သုံးရေရှားပါးမှုမှာ ပြီးခဲ့တဲ့ နှစ်များကထက် သုံးဆပိုလာနိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းပြောဆိုထားပါသည်။ ကျန်းမာရေးတွင်လည်း ပြီးခဲ့သော ၂၀၀၉-၂၀၁၀ ခုနှစ် အယ်လ်နီညိုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေအနည်းဆုံး ၁၀၀ ခန့်သေဆုံးခဲ့ရကြောင်း ယခုလို အယ်လ်နီညိုနှစ်တွင် ငါးနှစ်အောက်ကလေးများနှင့် အသက် ၆၀ ကျော်သက်ကြီးရွယ်အိုများ ရုတ်တရက် ကိုယ်ပူရှိန်မြင့်တက်ခြင်း၊ ရုတ်တရက်သေဆုံးခြင်းများ ဖြစ်ပေါ်လာနိုင်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍတွင်လည်း အယ်လ်နီညိုဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွင်း မုတ်သုံဝင်ရောက်မှုမှာ သာမန်နှစ်များထက် ၁၅ ရက်၊ ရက် ၂၀ ခန့် နောက်ကျဝင်ရောက်မှာဖြစ်ပါတယ်။ မုန်တိုင်းဝင်ရောက်မှုမရှိခြင်း၊ မိုးရွာသွန်းမှုအားနည်းခြင်းများလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ အယ်လ်နီညိုနှစ်ဖြစ်သည့်အလျောက် မီးဘေးအန္တရာယ်များလည်း မကြာခဏဖြစ်ပေါ်နေလျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပို၍ထိရောက်နိုင်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့များ၊ အစိုးရအဖွဲ့ အစည်းမဟုတ်သော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်၍ အဓိကရေရှားပါးလျက်ရှိသော ကျေးရွာဒေသများ၊ ရေရှားပါးမှုဖြစ်ပေါ်မည့်ကျေးရွာများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ကြိုတင်ပြင်ဆင်ခြင်း၊ ကာကွယ်ခြင်းနှင့် ပညာပေးလုပ်ငန်းများကို ကိုယ်ဖိရင်ဖိပြုလုပ်ပေးပါရန် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၏ အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးညာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့က ၂၂-၂-၂၀၁၆ ရက်နေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ဒေါက်တာမောင်သင်း ကနေပြီးတော့ အဆိုတင်သွင်းပြီးတော့ ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်) ကထောက်ခံသွားတဲ့ အရေးကြီးအဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ထောက်ခံဖြည့်စွက်ရှင်းလင်းပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ လေးစား အပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ဒီအဆိုကို ထောက်ခံဆွေးနွေးရတဲ့ အကြောင်းနဲ့ပတ်သက်ပြီးတော့ ဘာကြောင့်ထောက်ခံဆွေးနွေးရတယ် ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနှင့်ပတ်သက်ပြီးတော့ နာဂစ် မုန်တိုင်းမဖြစ်မီ ကျွန်တော်တို့ တစ်ပတ်လောက်အလိုကတည်းက မြန်မာနိုင်ငံရဲ့ မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်ကနေပြီးတော့ ဒီမုန်တိုင်းဟာ ပြင်းထန်တဲ့ မုန်တိုင်းဖြစ်မယ် ဆိုတာကို ကြိုတင်ပြီးတော့ တိုင်းပြည်နှင့် လူထုကို အသိပေးခဲ့ပါတယ်။ ဒါပေမဲ့ လိုအပ်တဲ့ ကြိုတင် ပြင်ဆင်မှုတွေကို ကျွန်တော်တို့က လျှော့တွက်ပြီးတော့ မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အဲဒီမှာနစ်နာဆုံးရှုံးမှုတွေအများကြီးဖြစ်ခဲ့ရတယ်။ အဲဒီနစ်နာဆုံးရှုံးမှုဖြစ်ခဲ့တဲ့အခါ ကျွန်တော့်အနေနဲ့ အများကြီးခံစားရတဲ့အထဲမှာ ကျွန်တော်တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ရဲ့ ဆွေမျိုးသားချင်းတစ်ယောက်က တပ်ကြပ်အဆင့်နဲ့ ခလရ(၃၆) ကျုံပျော်မှာ အမှုထမ်းဆောင်နေပါတယ်။ ထမ်းဆောင်နေရာကနေပြီးတော့ ကျောင်းကုန်းမှာ ဆားလုပ်ငန်းနဲ့ စပါးတို့၊ ပုဇွန်တို့ လုပ်ငန်းတွေကို တပ်ရဲ့တာဝန်ပေးချက်အရ လုပ်ဆောင်နေရပါတယ်။ သူ့နာမည် ကတော့ တပ်ကြပ်မျိုးအောင်ပါ။ အဲဒီတော့ သူက ဆားလုပ်ငန်းလုပ်တဲ့ ဂိုဒေါင်ကြီးမှာ သူကိုယ်တိုင် နေပြီးတော့ ၁၀ တန်းဖြေထားတဲ့ သူ့သားလေးကိုလည်း အဲဒီမှာခေါ်ထားပါတယ်။ ဒါပေမဲ့ အဲဒီအချိန် တုန်းက ဒီလောက် မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က ပြောကြားထားလျက် သားနဲ့ ကြိုတင်ပြီးတော့ အန္တရာယ်ရှိတဲ့ နယ်မြေမှာရှိတဲ့လူတွေကို ရွှေ့ပြောင်းမှုတွေကို သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေက မလုပ်ခဲ့ပါဘူး။ ဒါကြောင့်မို့လို့ တပ်မတော်သားတစ်ယောက်တောင်မှ ဒီခုနက ကျွန်တော်ပြောတဲ့ တပ်ကြပ်မျိုးအောင်နှင့် သူ့သားလေးဟာ ဘယ်ရောက်မှန်းမသိ၊ ဘယ်ပေါက်မှန်း မသိနဲ့ အလောင်းတောင်ပြန်မရဘဲနဲ့ ဘဝဇာတ်သိမ်းခဲ့ရပါတယ်။ အဲဒီနေရာမှာဆိုရင်လည်း သူ့တစ်ယောက်တည်းလာဆိုတော့ မကပါဘူး။ အများကြီးပါပဲ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပါတီဝင်တစ်စုဟာ စုစည်းပြီးတော့ လှူဖွယ်ဝတ္ထုတွေနဲ့ ဟိုင်းကြီးကျွန်းအထိ သွားရောက်ခဲ့ပါတယ်။ သွားရောက်ခဲ့တဲ့အခါကျတော့ ဒီလောက်ပြင်းထန်တဲ့

လူတစ်သိန်းကျော်ကြီး သေကြေပျက်စီးခဲ့ရတဲ့၊ ကျွဲ၊ နွားတွေ အများကြီး သေကြေပျက်စီးခဲ့ရတဲ့ ဒီနာဂစ်မုန်တိုင်းကြီးဟာ ဘာကြောင့် ဒီလောက်ထိပြင်းထန်ခဲ့ရသလဲဆိုတာ ထဲထဲဝင်ဝင်လေ့လာခဲ့ပါတယ်။ လေ့လာခဲ့တဲ့အခါမှာ ကျွန်တော် ခမောက်မော်ဆိုတဲ့ရွာကို ရောက်သွားတဲ့အခါ ရွာသားတွေကိုမေးကြည့်လိုက်တဲ့အခါကျတော့ နာဂစ်မုန်တိုင်းကြီးဟာ လုံးဝမျှော်လင့်ထားတဲ့ပုံစံမျိုးနဲ့ မဟုတ်ဘဲနဲ့ သမီးလှကျွန်းနားမှာ အပေါ်ကနေအောက်ကို ထိုးစိုက်ဆင်းလာပြီးတော့ ဒီပင်လယ်ပြင်က ရေတွေဟာ ဘေးမှာရှိတဲ့ သိပ္ပံရွာတို့၊ ခမောက်မော်ရွာတို့၊ သဲကျင်းဆိုတဲ့ ရွာတွေကို တဟုန်းထိုး စီးဆင်းပြီးတော့ ပင်လယ်ပြင်ကြီးနဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့အထိ ရောက်သွားပြီးတော့ လူတွေဟာ ကုန်းပေါ်ထိတောင်မှ တက်မပြေးနိုင်ဘဲနဲ့ သေကြေပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ တချို့ဆိုလို့ ရှိရင် ရေပြန်ကျသွားတဲ့အချိန်မှာ အောက်မှာရှိတဲ့ အပင်တွေကို စွပ်လျက်သားနဲ့ သေကြေနေတဲ့ အလောင်းတွေအများကြီးပဲဆိုတာ တွေ့ခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဲဒီအချိန်ကတည်းက မြန်မာပြည်ဟာ သဘာဝဘေးဒဏ်တွေနဲ့ပတ်သက်ပြီးတော့ ဒီလိုအဖြစ်မျိုး နောက်နောင်မဖြစ်ရအောင် ကျွန်တော်တို့ တာဝန်အရှိဆုံးဖြစ်တဲ့ နိုင်ငံတော်အစိုးရအနေနဲ့ စီမံဆောင်ရွက်ထားမှာပဲဆိုတာ ယုံကြည်ခဲ့တယ်။ ယုံကြည်ခဲ့တဲ့အတွက်ကြောင့် အဲဒီမှာလည်းပဲ ကျွန်တော်တို့ NGO အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုရဲ့ ထောက်ပံ့မှုတွေနဲ့ ဒီနာဂစ်မုန်တိုင်းပြီးတဲ့အချိန်မှာ ဒီဒေသခံလူထုတွေက ဆက်လက်ဆင်းရဲဒုက္ခတွေကြားထဲမှာ ရပ်တည်ခဲ့ရပါတယ်။ အစိုးရအနေနဲ့ကလည်း ဒါမျိုးအတွေ့အကြုံမရှိတဲ့အခါကျတော့ လုံလောက်တဲ့ ထောက်ပံ့မှုတွေမပြုနိုင်ခဲ့ဘူး။ ဒါတွေကို ကျွန်တော်တို့သွားပြီးတွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီလိုခံစားချက်တွေနဲ့ ဒီမုန်တိုင်းဒဏ်နှင့်ပတ်သက်ပြီးတော့ ရှိနေတဲ့အချိန်မှာ ၂၀၁၅ ခုနှစ် မိုးရာသီမှာ ရေကြီးနစ်မြုပ်မှုတွေက ထပ်ပြီးတော့ ဖြစ်ခဲ့တယ်။ အဲဒီလို ရေကြီး နစ်မြုပ်မှုတွေ ဖြစ်ခဲ့တဲ့အခါမှာလည်းပဲ ကျွန်တော်တို့က မျှော်မှန်းလို့မရနိုင်အောင် အဲဒီမှာ လူတွေ သေကြေဆုံးရှုံးမှုတွေ၊ ပစ္စည်းတွေပျောက်တာတွေ၊ ကျွဲ၊ နွားတိရစ္ဆာန်တွေသေတာတွေ ဖြစ်ခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးကိုယ်တိုင်ကနေပြီးတော့ မှတ်ချက်ပြုခဲ့တဲ့ စကားတစ်ခွန်းကို ကျွန်တော်လေ့လာဖတ်ရှုခဲ့ရပါတယ်။ ဒီ ၂၀၁၅ ခုနှစ် မိုးရာသီရေကြီးနစ်မြုပ်မှုဟာ နာဂစ်မုန်တိုင်းထက်ကိုမလျော့ဘဲနဲ့ ပျက်စီးဆုံးရှုံးမှုတွေဖြစ်ခဲ့တယ်။ ဒီလိုဖြစ်ခဲ့တာဆိုလို့ရှိရင် လုံလောက်တဲ့ ကြိုတင်ပြင်ဆင်မှုတွေအားနည်းတဲ့အတွက်ကြောင့် ဖြစ်ခဲ့တာဆိုပြီးတော့ မှတ်ချက်ပြုခဲ့တာတွေ ကျွန်တော်လေ့လာတွေ့ရှိခဲ့ရတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့သည် နောက်ပြီးတော့

ကမ္ဘာ့သဘာဝဘေးဒဏ်ခံစားရမှုမှလည်းပဲ ကျွန်တော်တို့နိုင်ငံဟာ နံပါတ်(၂)မှာရှိတယ်ဆိုတာကို ကျွန်တော်တို့စစ်တမ်းတွေအရ လေ့လာတွေ့ရှိရတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီသဘာဝဘေးဒဏ်တွေကို လျှော့မတွက်ဘဲနဲ့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်မယ့်အပိုင်းမှာ လက်ရှိတာဝန်ရှိအစိုးရအနေနဲ့ မည်သို့မည်ပုံပြင်ဆင်မှုတွေကို ပြုလုပ်ထားသလဲဆိုတာကို ပြည်သူလူထုကို ပွင့်ပွင့်လင်းလင်းအသိပေး ပြောကြားသင့်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို အကျိုးသက်ရောက်မှုတွေကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး ဖြစ်ပေါ်လာနိုင်တဲ့ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေး အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့သော ဘေးအန္တရာယ်များကို သက်ရောက်စေတဲ့ အခြေခံကျသော မူလအကြောင်းတရားများမှာ သစ်တောများပြုန်းတီးနေခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းမှာ ဆိုလို့ရှိရင် လွန်ခဲ့သော ခြောက်နှစ်တာကာလမှစ၍ တရားဥပဒေစိုးမိုးမှု အားနည်းနေခြင်းကြောင့် သစ်တောများစွာ ဆုံးရှုံးမှုများဟာ အမြင့်ဆုံးသို့ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ရာသီဥတုလူကိုမှီဆို သလို လူတွေကြောင့် သစ်တောပျက်စီးဆုံးရှုံးမှုတွေကြောင့် ရာသီဥတုဖောက်ပြန်လာသည်ကိုလည်း အားလုံးအသိဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာဆိုလို့ရှိရင် ၂၀၁၀ ခုနှစ်၊ ၂၀၁၁ ခုနှစ်မှာ သစ်ထုတ်လုပ်မှု မက်ထရစ်တန်ချိန်ပေါင်း ၆၈၄၀၀၀ ကျော် နိုင်ငံခြားသို့ ထုတ်လုပ်တင်ပို့ခဲ့တယ် ဆိုတာလည်း သက်ဆိုင်တဲ့ သုတေသနပညာရှင်များရဲ့ ပြဋ္ဌာန်းချက်အရ သိရှိရတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီလာမည့်ဘေးအန္တရာယ်ကို ကျော်ဖြတ်နိုင်ဖို့အတွက်က ကျွန်တော်တို့ရဲ့သစ်တောများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက်က ကျွန်တော်တို့ရဲ့ လာမည့်သဘာဝပတ်ဝန်းကျင်နှင့်သစ်တောထိန်းသိမ်းမှု

များကို ရေရှည်လုပ်ဆောင်နိုင်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့ သက်ဆိုင်တဲ့ NGO များ၊ INGO များနှင့် ပြည်သူများပါဝင်နိုင်တဲ့ အဖွဲ့အစည်းများကို အမြန်ဆုံးဖွဲ့စည်းပြီးမှ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများထိန်းသိမ်းခြင်းလုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုတင်ပြရင်းနှင့် ဒေါက်တာမောင်သင်းတင်သွင်းသောအဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း အဆိုပြုရင်းနဲ့နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခ္ခာညိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မြခ္ခာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းသည့် အရေးကြီးအဆိုအပေါ် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဝင် ကျွန်မ ဒေါ်မြခ္ခာညိုဦး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် လာမည့်နွေရာသီကာလနှင့် ယင်းနှင့်တစ်ဆက်တည်းပါလာမယ့် မိုးရာသီများမှာ သဘာဝဘေးများကျရောက်နိုင်မည့် အခြေအနေများအပေါ် မြန်မာနိုင်ငံနှင့်နိုင်ငံတကာပညာရှင်များက ထောက်ပြပြောဆိုလျက်ရှိကြရာကနေ ယခုလို ပြည်သူ့လွှတ်တော်အတွင်းမှာပါ အရေးတကြီးဆွေးနွေးလာကြတာ အားရကျေနပ်မိပါတယ်။ အဆိုပါ ဖြစ်နိုင်ခြေများနှင့်ဆက်စပ်ပြီး နိုင်ငံတော်အစိုးရနှင့်ပြည်သူများအနေနဲ့ အရေးတကြီးဆောင်ရွက်သင့်တာတွေကို အစိုးရအပြောင်းအလဲကာလဖြစ်တဲ့ အခုလိုအချိန်မှာ သတိဝီရိယထားမှသာ နိုင်ငံရဲ့စီးပွားထုတ်ကုန်စနစ်အပေါ် ထိခိုက်မှာတွေ၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ခံစားရနိုင်တာတွေရှိနေတာကို ကူညီတားဆီး စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဟာ စပြီးသတိပြုခဲ့မိစဉ်ကနေ ရာစုနှစ်တဝက်ကျော်ပြီဖြစ်တဲ့ လွန်ခဲ့တဲ့ဆယ်စုနှစ်အတွင်းမှာ အခြား တိုင်းပြည်တွေမှာသာမက မြန်မာနိုင်ငံကိုပါ သိသိသာသာထိခိုက်လာခဲ့ပါတယ်။ ကျွန်မတို့မှတ်တမ်းမှာ မကြုံဖူးခဲ့တဲ့ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၀ ခုနှစ်၊ ၂၀၁၁ ခုနှစ်ကစလို့ နှစ်စဉ်လိုလိုဖြစ်ခဲ့တဲ့ ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့လိုနေရာမှာတောင်ဖြစ်ရတဲ့ သောက်သုံးရေရှားပါးမှု၊ ထို့အပြင် မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းမှာ ပိုပြင်းထန်လာတဲ့ နှစ်စဉ်ရေပြတ်လပ်မှု၊ လွန်ခဲ့တဲ့နှစ်မှာဖြစ်ခဲ့တဲ့ နိုင်ငံနှင့်အဝှမ်း ရေကြီးမှုတွေ၊ သူနှင့်တစ်ဆက်တည်းဖြစ်လာတဲ့ မြေပြို

တောင်ပြိုမှုတွေကဖော်ပြနေခဲ့ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံဟာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို အထိခိုက်အလွယ်ဆုံးနိုင်ငံ ၁၀ နိုင်ငံ စာရင်းထဲမှာပါဝင်နေတာကို Global Climate Risk ရဲ့ ၂၀၁၅ ခုနှစ် အစီရင်ခံစာမှာ တွေ့ရပါတယ်။ ဒီရည်ညွှန်းကိန်းဟာ ဆင်းရဲနွမ်းပါးမှုတစ်ခုတည်းကို ဖော်ပြနေတာမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်အပေါ် ထိန်းသိမ်းစောင့်ရှောက်နိုင်မှု အားနည်းခြင်းနှင့် ကြိုတင်ပြင်ဆင် စီမံခန့်ခွဲမှု အားနည်းခြင်းတို့ဟာ အရေးကြီးတဲ့ အကြောင်းရင်းတွေဖြစ်ကြပါတယ်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကာလတုန်းက အာရှနှင့်ပြည်တွင်းမိုးလေဝသဌာနများက ကြိုတင်သတိပေးမှုတွေ ဆက်တိုက်လုပ်ဆောင်ခဲ့တာကို အဲဒီတုန်းက သတင်းစာတွေကိုပြန်ကြည့်ရင် အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အားလုံးမမေ့နိုင်တဲ့ မုန်တိုင်းနဲ့ရေလွှမ်းမိုးမှုကပ်ဆိုးကြီးအောက်မှာ ကျွန်မတို့နိုင်ငံသားတွေ သိန်းနဲ့ချီပြီးသေဆုံးကြရ၊ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရပါတယ်။ ဒီနောက်ပိုင်း ၂၀၀၉ ခုနှစ်နှစ်ဆန်းမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာတည်မြဲအမိန့်(Standing Order)ကို အတည်ပြုပြီး ဝန်ကြီးဌာနတွေမှာ ကျင့်သုံးဆောင်ရွက်ဖို့ ပြင်ဆင်ခဲ့တာတွေ့ရပါတယ်။ ၂၀၁၃ ခုနှစ် ပထမအကြိမ် လွှတ်တော်ကပြဋ္ဌာန်းတဲ့ သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေဆိုတာလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ လွန်ခဲ့တဲ့နှစ် နိုင်ငံတစ်ဝှမ်းရေကြီးမှုကို ပြန်ကြည့်မယ်ဆိုရင် ဇူလိုင်လအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းဒေသနှင့် သဖန်းဆိပ်ဆည်တို့မှာ စပြီးဖြစ်ပွားစဉ်ကပင် အစိုးရဌာနများနှင့် စေတနာ့ဝန်ထမ်းများအပါအဝင် ပညာရှင်များက နိုင်ငံတစ်ဝှမ်းဘေးအန္တရာယ်တွေ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း တွက်ချက်ရှင်းလင်းပြခဲ့ကြတာ တွေ့ရပါတယ်။ သို့ပေမဲ့ အားလုံးသိတဲ့အတိုင်းပါပဲ။ ချင်း၊ ရခိုင်ရိုးမတောင်ခြေ၊ မြေပြန့်လွင်ပြင်တစ်လျှောက်ကနေ ဧရာဝတီမြစ်ဝကျွန်းပေါ်အထိ ဆက်တိုက်ဆိုသလိုဖြစ်ပွားခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ တစ်ခါ ချင်းတောင်တန်းမှာ မြေပြို၊ ကန်ပြိုကျမှုကြောင့် ကလေးလွင်ပြင်မြောက်ပိုင်းမှာ ရွှံ့နွံတွေဖုံးလွှမ်းခဲ့တာလည်း တွေ့ရပါတယ်။ အဆိုပါတည်မြဲအမိန့်များ၊ ဥပဒေများနှင့်အညီ သဘာဝဘေးအန္တရာယ်အဖွဲ့အဆင့်ဆင့်ကို နိုင်ငံတော်အဆင့်ကနေ မြို့နယ်အဆင့်အထိ ဖွဲ့စည်းထားရှိပြီးဖြစ်ပေမယ့် ဖြစ်လာနိုင်တဲ့ဘေးတွေကို ကြိုတင်ရှာဖွေသုတေသနပြု လေ့လာနိုင်မှု၊ လေ့လာရရှိတဲ့ ဥပမာ မိုးလေဝသနှင့် ဇလဗေဒလို့ဌာနမျိုးရဲ့ အချက်အလက်ကို အမြန်ဆုံးလက်ခံတုံ့ပြန်နိုင်မှု၊ မတူညီတဲ့ဌာနများအချင်းချင်း အမြန်ဆုံးပေါင်းစပ်ညှိနှိုင်းမှုတွေမှာ အားနည်းချက်များရှိခဲ့တာကို အမှန်အတိုင်းနားလည်အဖြေရှာပြီး ကြိုတင်ပြင်ဆင်ကြမှသာ အပ်နဲ့ထွင်းရမယ့်အရာကို ပုဆိန်နှင့်ပေါက်ရမယ့်အရေးက ကင်းဝေးမှာဖြစ်ပါတယ်။ သဘာဝဘေးဖြစ်မှာကို ပြည်သူလူထုတွေ စိုးရိမ်ပူပန်မှာစိုးလို့ ဖုံးဖိထားတယ်ဆိုတဲ့အကျင့်

မူကြမ်း

တွေလည်း ဖျောက်သင့်ပါပြီ။ ကြောက်တတ်ရင် ဝန်ကင်းတယ်ဆိုတဲ့ မြန်မာစကားရှိတဲ့အတိုင်း ဒီလို အကြောက်မျိုးကသာ ကြောက်သင့်တာကိုကြောက်တာ၊ စိုးရိမ်သင့်တာကိုစိုးရိမ်တာမျိုးဖြစ်ပြီး ဒါမှသာ မှန်ကန်တဲ့ ကြိုတင်ပြင်ဆင်စီမံမှုနဲ့အတူ ဘေးအန္တရာယ်က သက်သာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုအနီးကပ်ဆုံးကြုံလာရတော့မယ့် ရာသီဥတုပြင်းထန်မှုတင်မကပါဘူး။ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နိုင်မှုတွေကို အမျိုးသားရေးအမြင်နဲ့ထိန်းသိမ်းကာကွယ်ကြတဲ့ ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟာ အလွန်အရေးကြီးပါတယ်။ ဘေးဖြစ်နိုင်တဲ့နေရာတွေကို ကြိုတင်ပြုပြင်ထိန်းသိမ်းခြင်း၊ မိမိပြည်သူနဲ့ အခြေခံအဆောက်အဦတွေ၊ စိုက်ခင်းတွေကို ကာကွယ်ခြင်းတို့ဟာ ဒီနေ့စလုပ်ရင် ဒီနေ့အကျိုးရှိပါတယ်။ လွန်ခဲ့တဲ့လကပဲ ဌာနဆိုင်ရာတွေနဲ့ ပညာရှင်တွေစုပေါင်းပြီး နောက်ထပ်ပြိုဆင်းနိုင်မယ့် မြေပြိုဆည်တွေကို သွားရောက်လေ့လာခဲ့တာကြားသိရပေမယ့် ဒါကိုမိုးမကျမီ ဘယ်လိုပြင်ဆင်ပြီး တောင်ခြေမှာနေထိုင်တဲ့ပြည်သူတွေ ဘေးမဖြစ်ဖို့ ဘယ်လိုကြိုတင်ကာကွယ်ဆိုတာတော့ မသိရသေးပါဘူး။ အချိန်မီပြင်ဆင်ဖို့လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ အယ်လ်နီညိုနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ပွင့်လင်းမြင်သာတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပြည်သူလူထုနှင့်လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်ကြဖို့လိုနေပါပြီ။ ကျွန်မတို့မြန်မာနိုင်ငံသားတွေအတွက် နာဂစ်မုန်တိုင်းလိုဘေးဒုက္ခမျိုး နောက်တစ်ကြိမ် ပြန်မခံစားရချင်တော့ပါဘူး။ ဒါကြောင့်မို့လို့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၏ အရေးကြီးအဆိုအပေါ် ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ အနေဖြင့် ၁၉၉၇-၁၉၉၈ ခုနှစ်မှ စတင်ကာ အယ်လ်နီညိုကို စတင်ကြုံတွေ့ခဲ့ရပြီး အယ်လ်နီညိုကြောင့် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု၊ သစ်တောပြုန်းတီးမှုများဖြစ်ပေါ်လာပြီး မိုးရေတိုက်စားမှု များကြောင့် နုန်းအနှယ်အနှစ်များသည် သဘာဝအရင်းအမြစ်များကို ဖုံးလွှမ်းခဲ့၍ နွေရာသီတွင် ရေရှားပါးမှုဖြစ်ပြီး မိုးရာသီတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပါတယ်။ မိုးလေဝသပညာရှင်များ၏ ခန့်မှန်းချက်များအရ နွေရာသီ မတ်လ၊ ဧပြီလ၊ မေလများအထိ မြန်မာနိုင်ငံတွင် ယခင်က ကြုံတွေ့ခဲ့ရသည့် အယ်လ်နီညိုရာသီဥတုရိုက်ခတ်မှုများထက် ပိုမိုဆိုးရွားပြင်းထန်လာနိုင်ပြီး မိုးရွာ သွန်းမှုလျော့နည်း၍ မိုးခေါင်ခြင်း၊ ရေအရင်းအမြစ်များ ခမ်းခြောက်ခြင်း၊ အပူချိန်မြင့်မားခြင်း စသည့် ရာသီဥတုများ ကြုံတွေ့ရနိုင်ပါတယ်။ အယ်လ်နီညိုဖြစ်စဉ် အကျိုးသက်ရောက်မှုများကြောင့် မိုးရွာသွန်းမှု လျော့နည်းခြင်း၊ နေ့အပူချိန်မြင့်မားခြင်းတို့နှင့် နောက်ဆက်တွဲဘေးအန္တရာယ်များမှာ ပူပြင်းခြောက်သွေ့၍ ရေရှားပါးလာခြင်း၊ မီးဘေးအန္တရာယ် မီးလောင်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူကြောင့်ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရနိုင်ပါတယ်။ နွေရာသီကာလ များတွင် ရေအရင်းအမြစ်များ ခမ်းခြောက်မှုများ ဖြစ်ပေါ်လာနိုင်ပြီး လူနှင့်တိရစ္ဆာန်များအတွက် သောက်သုံးရေအပြင် စိုက်ပျိုးရေရရှိရေး၊ အစားအစာဖူလုံရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေကြောင်းခရီးသွားလာရေး စသည့်ကဏ္ဍများတွင် အကျိုးသက်ရောက်မှု၊ ဆုံးရှုံးမှုများ ရှိနိုင်ပါတယ်။ နိုင်ငံတော်၏ စိုက်ပျိုးသီးနှံနှင့် ရေထွက်ပစ္စည်း၊ ပို့ကုန်ကဏ္ဍလျော့ကျမှုများရှိလာနိုင်ပြီး ကျေးလက်နေ ပြည်သူများအတွက်လည်း စားဝတ်နေရေးအခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရပါတယ်။ အယ်လ်နီညိုဖြစ်စဉ်များကြောင့် ရှမ်းပြည်နယ်ဒေသအတွင်းမှာရှိသော မြစ်ချောင်းအင်းအိုင် ရေကန်ကြီးများ၊ ရေထွက်စိမ့်စမ်းများ ရေခမ်းခြောက်မှုအန္တရာယ်နှင့် ကြုံတွေ့ရနိုင်သလို တရားမဝင် သစ်ခိုးထုတ်မှုများ၊ တောင်ယာခုတ်ထွင်မှုများကြောင့်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ရှိနေ ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသအတွင်းရှိသော အင်းလေးကန်ကြီးသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကန်ထဲဝင်သည့် ရေဝင် ပေါက်ကြီးများမှ ရေထုစီးဝင်မှုလျော့နည်းခြင်း၊ အင်းလေးကန်ပတ်ဝန်းကျင်မှာရှိသော တောင်ကုန်း တောင်တန်းများ၊ သစ်တောပြုန်းတီးမှုများကြောင့် နုန်းအနှယ်များ ကန်ထဲသို့ဝင်ရောက်မှုများ ဖြစ်စဉ်

များဖြစ်ခဲ့ပြီး ကန်၏အရှေ့ဘက်နှင့် အနောက်ခြမ်းများတွင် တိမ်ကောမှု၊ ရေခမ်းခြောက်မှုများ ကြုံတွေ့လာရပြီး ရေလမ်းကြောင်းအချို့မှာလည်း စက်လှေများသွားလာ၍မရတော့ကြောင်း သိရှိရပါတယ်။ အင်းလေးရေကန် ရေလျော့နည်းကျဆင်းလာမှုများကြောင့် ၂၀၁၅ ခုနှစ်တွင်လည်း အင်းလေးဒေသ၏ ထွက်ကုန်သီးနှံများ လျော့နည်းထိခိုက်ခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်တွင်လည်း အယ်လ်နီညို၏ ရာသီဥတုပူပြင်းရိုက်ခတ်မှုဒဏ်ကြောင့် အင်းလေးကန်ရေလျော့နည်းမှုများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဆုံးရှုံးမှုများလာနိုင်ပါတယ်။ အယ်လ်နီညိုကြောင့် ရာသီဥတုပူပြင်းခြောက်သွေ့ပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ဇော်ဂျီရေအားလျှပ်စစ်စီမံကိန်းများ၊ ရွှေလီရေအားလျှပ်စစ်စီမံကိန်းများ၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းများ၊ လောပိတရေအားလျှပ်စစ်စီမံကိန်းများရှိ ရေအားလျှပ်စစ်စက်ရုံများမှာ သတ်မှတ်ရေပမာဏ ပြည့်မီခြင်းမရှိ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကျဆင်းသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်သည် အားကောင်း၍ ပိုမိုပြင်းထန်သော အယ်လ်နီညိုရာသီဥတုဖြစ်သည့်အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ကယားပြည်နယ်အပါအဝင် နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်များ ရေရှားပါးမှုများ ကြုံတွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များအနေဖြင့် လိုအပ်သည့် သတိပေးမှုများ ကြိုတင်ဆောင်ရွက်ထားရှိပြီး ပြည်သူလူထုအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်သင့်သလို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် လိုအပ်ချက်မှန်သမျှကို ကြိုတင်စီမံထားရှိရန် အရေးကြီးပါတယ်။ နောင်တွင် ဆက်လက်ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်ဖြစ်၍ ပညာရှင်များနှင့် အဆက်မပြတ် တိုင်ပင်ညှိနှိုင်းပြီး လက်တွေ့ကျကျ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ကျွန်တော် နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ အယ်လ်နီညိုရာသီဥတုသက်ရောက်မှု ဖြစ်စဉ်များသည် မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးနှင့် ပတ်သက်ပြီး ကြုံတွေ့ရမည့် အန္တရာယ်များ၊ ဆိုးကျိုးများဖြစ်လာနိုင်သည့်အတွက် တစ်နိုင်ငံလုံး၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် အကြောင်းအရာများဖြစ်ပါတယ်။ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စဖြစ်၍ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ပြည်သူလူထုနှင့် အစိုးရအဖွဲ့အစည်းများ၊ မီဒီယာများ ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် အယ်လ်နီညိုကြောင့် ကြုံတွေ့ရမည့် ဆိုးကျိုးများကို အောင်မြင်စွာဖြတ်ကျော်နိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းသော အရေးကြီးအဆိုသည် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအတွက် အကျိုး

ရှိမည့် အရေးကြီးကိစ္စဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးခင်မောင်မြင့်မှ လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးစိုးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးနိုင်ဖြစ်ပါတယ်။ Power Point အသုံးပြု ခွင့်ပြုပါရန် တင်ပြပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၏ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အယ်လ်နီညို(El Nino)ဆိုတာ တောင်အမေရိကတိုက်ရဲ့ အနောက်ဘက်ကမ်းရိုးတန်းနိုင်ငံများဖြစ်တဲ့ အီကွေဒေါနှင့် ပီရူးနိုင်ငံများဆီကို ငါးနှစ်မှခုနစ်နှစ် တစ်ကြိမ် ခရစ္စမတ်ကာလလောက်မှာ တိုးဝင်လာခဲ့ကြတဲ့ ပင်လယ်ရေပူစီးကြောင်းများကို ဒေသခံ တံငါသည်များက ခေါ်ဝေါ်ထားတဲ့အမည်ဖြစ်ပါတယ်။ အဲဒီရေပူစီးကြောင်းတွေဟာ ဝင်လာတဲ့နှစ်တွေဆိုရင် ထူးခြားစွာ မိုးကြီးခြင်း၊ ရေကြီးခြင်းနှင့် ရာသီဥတုဖောက်ပြန်တာကို သတိထားမိခဲ့ကြပါတယ်။ ခရစ်သက္ကရာဇ် ၁၅၅၀ လောက်ကစပြီး ရေပြင်ဆိုင်ရာဖောက်ပြန်မှုတစ်ခုအနေနဲ့သာ သဘောထားခဲ့ရာမှာ ၁၉၈၂-၁၉၈၃ မှာဖြစ်ပေါ်လာခဲ့တဲ့ အယ်လ်နီညို(El Nino)ဟာ အင်အားပြင်းထန်ပြီး ရာသီဥတုဖောက်ပြန်မှုကို ကမ္ဘာ့ဒေသအနှံ့တွေ့ကြုံခံစားခဲ့ကြရပါတယ်။ ယခင်က ငါးနှစ်မှ ခုနစ်နှစ်လျှင်တစ်ကြိမ် ဖြစ်ပေါ်တတ်တဲ့ အယ်လ်နီညို(El Nino)ဟာ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှာ နှစ်နှစ်မှ သုံးနှစ်လျှင်တစ်ကြိမ် ဖြစ်ပေါ်သည်အထိ အဖြစ်များ လာခဲ့ပါတယ်။ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော အယ်လ်နီညို(El Nino)ဖြစ်စဉ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှု ကြီးမားခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၇ ဘီလီယံကျော် ဆုံးရှုံးကာ လူပေါင်း ၂၀၀၀၀ ခန့် သေဆုံးခဲ့ပါတယ်။ ထိခိုက်ခံစားရသူ ၁၁၁ သန်းကျော်ရှိပြီး ရွှေ့ပြောင်းဒုက္ခသည် ခြောက်သန်းကျော်ရှိပါတယ်။ စိုက်ပျိုးမြေဧက ၅၆ သန်းကျော် ဆုံးရှုံးခဲ့ပါတယ်။ အယ်လ်နီညို(El Nino) ဖြစ်ပေါ်တဲ့နှစ်တွေမှာ မြန်မာနိုင်ငံမှာကြုံတွေ့ရတတ်တဲ့ ရာသီဥတုအပြောင်းအလဲတွေကတော့ မုတ်သုံအဝင်နောက်ကျခြင်း၊ မုတ်သုံအထွက်စောခြင်း၊ အပူချိန်မြင့်မားခြင်းတို့ ဖြစ်စေပါတယ်။ အယ်လ်နီညို (El Nino) ဖြစ်စဉ်တစ်ခုရဲ့ သက်တမ်းဟာ ၁၁ လမှ ၁၈ လထိရှိပြီး အနည်းဆုံးကာလဖြစ်တဲ့ ၁၂ လနှင့်တွက်ပါက ပထမနှစ်ရဲ့ မိုးနှောင်းနဲ့မိုးလွန်ကာလနှင့် ဒုတိယနှစ်ရဲ့ မိုးကြိုနှင့်မိုးဦးကာလတွေမှာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးသက်ရောက်စေပါတယ်။ ၂၀၁၅ ခုနှစ်ရဲ့ အယ်လ်နီညို(El Nino)

ဖြစ်စဉ်ဟာ သမိုင်းမှာ အယ်လ်နီညို(El Nino) အင်အားအကောင်းဆုံးအဖြစ် သတ်မှတ်ထားတဲ့ ၁၉၉၇-၁၉၉၈ ခုနှစ်ထက် ကျော်လွန်ခန့်မှန်းနိုင်ကြောင်း ခန့်မှန်းထားကြပြီး ပင်လယ်ရေ မျက်နှာပြင်အပူချိန်ဟာ ပုံမှန်ထက်၂.၄ ဒီဂရီစင်တီဂရိတ်မှ ၂.၈ ဒီဂရီစင်တီဂရိတ်အထိကျော်လွန်နေပြီဖြစ်လို့ ဒီနေ့ အယ်လ်နီညို(El Nino)ဟာ အားကောင်းတဲ့နှစ်ဖြစ်ကြောင်း သက်သေထူလျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်းက ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြည်နယ်နှင့်တိုင်း ၁၂ ခုတို့မှာ သဘာဝဘေး အန္တရာယ်များဖြစ်တဲ့ ရေကြီးနစ်မြုပ်မှုများနဲ့ ဆိုးရွားစွာမြေပြိုမှုများ ကြုံတွေ့ခဲ့ကြရပါတယ်။ ဒီလို ရေကြီးနစ်မြုပ်မှုတွေ တွေ့ကြုံခဲ့ရတဲ့ ဒေသတွေမှာရှိသလို အချို့ဒေသတွေမှာလည်း မိုးရွာသွန်းမှု နည်းပါးကာ ပူပြင်းခြောက်သွေ့ပြီး၊ မိုးခေါင်ရေရှားမှုတွေဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေဟာ အယ်လ်နီညို(El Nino) ပထမပိုင်းရဲ့ ကြုံတွေ့ခံစားရတဲ့ဖြစ်စဉ်တွေလို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ အဆိုပါရေကြီးမှု၊ မြေပြိုမှု၊ မိုးခေါင်ရေရှားမှုဖြစ်စဉ်တွေမှာ ပြည်သူတို့ရဲ့ အသက် အိုးအိမ်၊ စည်းစိမ်တွေကို ထိရောက်စွာကာကွယ်စောင့် ရှောက်ပေးနိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်း အဖွဲ့များနှင့်အတူ ဟန်ချက်ညီစွာ ပူးပေါင်းကူညီလုပ်ဆောင်ပေးခဲ့ပါတယ်။ ကျွမ်းကျင်ပညာရှင်များရဲ့ လေ့လာတွေ့ရှိချက်များအရ ယခုအချိန်မှာ အယ်လ်နီညို(El Nino)ကြောင့် ရာသီဥတုပူပြင်း ခြောက်သွေ့ပြီး သောက်သုံးရေရှားပါးမှုများဖြစ်ပေါ်ကာ လူမှုစီးပွားဘဝ အခက်အခဲများကြုံတွေ့ရခြင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ထိခိုက်စေခြင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ထိခိုက် စေခြင်း၊ မီးဘေးအန္တရာယ်နှင့် ကျန်းမာရေးပြဿနာများကို ရင်ဆိုင်ဖြေရှင်းကြရတော့မှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် နွေရာသီကာလဖြစ်တဲ့ မတ်လ၊ ဧပြီလ၊ မေလများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ကျေးရွာအများစုအပါအဝင် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးမှာရှိတဲ့ ကျေးရွာပေါင်း ၄၆၄ ရွာမှာ ရေရှားပါးမှုများ ကြုံတွေ့ခဲ့ရပါတယ်။ ယခုနှစ် အယ်လ်နီညို(El Nino)ကြောင့် သောက်သုံးရေရှားပါးမှုဟာ ယခင် ၂၀၁၅ ခုနှစ်ထက် ပိုမိုဆိုးရွား လာမှာဖြစ်တဲ့အတွက် ရေကိုထိရောက်စွာ ချွေတာသုံးစွဲရေး အလေအလွင့်ပိုမို နည်းပါးစေရေး တာဝန် ရှိသူ အဖွဲ့အစည်းများမှ ထိရောက်သောအစီအမံများချမှတ်ခြင်း ပြည်သူလူထုကို ပညာပေးတိုက်တွန်း မှုများ၊ လိုအပ်သည်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများ အချိန်မီပြုလုပ်ပေးရန် လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် ရေရှားပါးမှုဖြစ်ပေါ်လာနိုင်တဲ့ဒေသများကို သောက်သုံးရေဖြည့်ဆည်းပေးနိုင်ရေး အတွက် တာဝန်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ဆွေးနွေးပြင်ဆင်၍ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးရန်လည်း တိုက်တွန်းလိုပါတယ်။ တပ်မတော်အနေနဲ့လည်း နှစ်စဉ်သောက်သုံးရေ ပြတ်လပ်နေတဲ့ ရပ်ကွက် ကျေးရွာများသို့ တပ်ပိုင်ရေသယ်ယာဉ်များ၊ အုပ်ချုပ်မှုယာဉ်များကို အသုံးပြု၍ ရေလိုအပ်ချက် များရှိသည့် ပြည်သူများထံ သောက်သုံးရေဖြန့်ဖြူးပေးခြင်း၊ ကျန်းမာရေးကူညီစောင့်ရှောက်ပေးခြင်း တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိသလို လိုအပ်ချက်များရှိပါက ဆက်လက်၍လည်း ဆောင်ရွက်ပေး သွားမှာဖြစ်ပါတယ်။ ရေသုံးစွဲမှုများလျှင် ရေများပိုမိုခမ်းခြောက်လာနိုင်တဲ့အတွက် စိုက်ပျိုးသီးနှံ များကို ရေလိုအပ်ချက်နည်းတဲ့ သက်တမ်းတိုအထွက်မျိုးကောင်းများ ရွေးချယ်စိုက်ပျိုးရန် တောင်သူ များအား အသိပညာပေးရေး ဆောင်ရွက်သွားရန်လိုအပ်ပါတယ်။ ဒါ့အပြင် အင်းအိုင်များ ခမ်းခြောက်ပြီး ရေချိုငါးရှားပါးလာနိုင်တဲ့အတွက် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ လိုအပ်သည့်ပညာပိုင်းဆိုင်ရာ အကြံပေးခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ရေနည်းပါးမှုကြောင့် ရေအားလျှပ်စစ်စက်ရုံများမှ လျှပ်စစ် ဓာတ်အားထုတ်လုပ်မှု ကျဆင်းနိုင်တဲ့အတွက် လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲရန်နှင့် အပူချိန် မြင့်တက်စေခြင်းကြောင့် မီးအန္တရာယ်များကို ဂရုစိုက်ရန် လိုအပ်ပါတယ်။ ကျန်းမာရေးအနေနဲ့ အယ်လ်နီညို (El Nino) အားကောင်းတဲ့နှစ်တွေမှာ ကူးစက်တဲ့ပိုင်းရပ်စ်ပိုးတွေဟာ သာမာန်ထက် ပိုမို ပေါက်ဖွားလာတတ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ အထူးဂရုပြုရန် လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ အယ်လ်နီညို(El Nino) သက်ရောက်မှုကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်သူလူထုပူးပေါင်းပြီး သောက်သုံးရေနှင့် စိုက်ပျိုးရေကို စနစ်တကျသုံးစွဲရေး၊ ရေလှောင်တမံများရှိ ရေများကို စနစ်တကျအကျိုးရှိစွာအသုံးချစေရေး၊ ရေသုံးစွဲမှုနည်းသော စိုက်ပျိုးနည်းစနစ်များ အသုံးပြုစိုက်ပျိုးခြင်း၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ရောဂါဝေဒနာများကို ကြိုတင် ကာကွယ်ကုသနိုင်ရန် စီစဉ်ထားခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းစသည်တို့ကို စီမံချက်များစနစ်တကျချမှတ်၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းပါဝင် ဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ကျန်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးမယ့်အစီအစဉ်ကို မနက်ဖြန်မှာဆက်လက်ကျင်းပပါမယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

အချိန်၊ ၁၁း၂၀။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၂၀ နာရီအချိန် တွင် ရပ်နားပါသည်။]